**စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**နေပြည်တော်**

**မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း**
**(Myanmar Financial Sector Development Project– FSDP)**

## ဈေးနှုန်းလွှာဖိတ်ခေါ်ခြင်း

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန (မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း) မှ အောက်ဖော်ပြပါ **MOPFI–G42 /FRD/ Video Conferencing System** ကိုဝယ်ယူလိုသည်။

၁။ ကုန်ပစ္စည်းအား ကန်ထရိုက်ချုပ်ဆိုသည့်နေ့မှစတင်ကာ (၂၁) **ရက်** အကြာတွင် ပေးသွင်းရန် လိုအပ်ပါသည်။ လိုအပ်သောပစ္စည်းစာရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Video Conferencing | ၃ |

၂။ စိတ်ဝင်စားသော အရည်အချင်းမီသည့် ပေးသွင်းသူသည် တင်ဒါစာရွက်စာတမ်း (၁) စုံကို အောက်ပါလိပ်စာသို့ အခမဲ့ လျှောက်ထားတောင်းဆိုနိုင်သည်။ တင်ဒါစာရွက်စာတမ်းများ ရရန် စာရေးလျှောက်ထားမှုမှလွဲ၍ အခြားအခြေအနေများ မလိုအပ်ပါ။

၃။ အဖွဲ့ (သို့) လူပုဂ္ဂိုလ်ကို ရွေးချယ်ခံအရည်အချင်းပြည့်မီသည်ဟု စဉ်းစားနိုင်ရန် အောက်ပါ အချက်များရှိရပါမည်–

(က) အလားတူကန်ထရိုက်တစ်ခုအတွက် တင်ဒါတန်ဖိုး၏ အနည်းဆုံး ၅၀% ကို လွန်ခဲ့သော ၃ နှစ်အတွင်း လုပ်ကိုင်ပြီးစီးခဲ့ခြင်း၊ သို့မဟုတ်၊ အလားတူကုန်ပစ္စည်းကို လိုအပ်သော ပမာဏ/ အရေအတွက် (၂) ဆကို အနည်းဆုံး ရောင်းချနိုင်ခဲ့ခြင်း၊

(ခ) ထုတ်လုပ်သူထံမှ ကုန်ပစ္စည်းရောင်းချခွင့် (သို့မဟုတ်) ရောင်းဝယ်ဖောက်ကားခွင့် ရရှိထားရပါမည်။

(ဂ) ကုန်ပစ္စည်းရောင်းချပြီးနောက် လိုအပ်သည့်ဝန်ဆောင်မှုများပေးနိုင်ရန် မြန်မာနိုင်ငံတွင် ဆိုင်/ရုံးများ ဖွင့်လှစ်ထားရပါမည်။

(ဃ) အခွန်ပေးဆောင်ကြောင်း အထောက်အထားပြသနိုင်ရပါမည်။

(င)　နိုင်ငံတော်အစိုးရ (သို့) ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သော လူပုဂ္ဂိုလ်(များ)/လုပ်ငန်းများကို ပိတ်ပင် တားမြစ်ချက်စာရင်းတွင် ပါဝင်ခြင်းမရှိစေရ။

၄။　တင်ဒါတင်သွင်းချက်ကို အောက်ပါလိပ်စာသို့ ၄ **– ၆ –၂၀၂၀ရက်နေ့ နေ့လည် ၁ နာရီ အမီ** ပေးပို့ရမည်။ နောက်ကျသော တင်ဒါတင်သွင်းချက်ကို ငြင်းပယ်ရပါမည်။ တင်ဒါတင်သွင်း သူများ၏ ကိုယ်စားလှယ်များ နှင့် ဒေသခံပြည်သူထံမှ တင်ဒါဖွင့်ပွဲတက်ရောက်ခွင့်ရ စီမံကိန်း အကျိုးခံစား သူများ၏ ရှေ့မှောက်တွင် အောက်ပါနေရာ၌ လူအများရှေ့တွင် တင်ဒါတင်သွင်းချက်များကို ဖွင့် ဖောက်ရပါမည်။

၅။　ဝယ်ယူသူသည် အနိမ့်ဆုံးအကဲဖြတ်တင်ဒါဖြင့် တင်ဒါအပေါ်တုံ့ပြန်ချက်ကောင်းစွာ ပေးသွင်း သူဟု သုံးသပ်ခံရသူအား ကန်ထရိုက်အပ်နှံရမည့်အပြင် ပေးသွင်းသူသည် ကျေနပ်ဖွယ်လုပ်ဆောင် နိုင်မည့် အရည်အချင်းရှိကြောင်း သတ်မှတ်နိုင်ရမည်။

၆။　တင်ဒါတင်သွင်းချက်အားလုံး၌ တင်ဒါစာရွက်စာတမ်းများ၌ ဖော်ပြထားသည့်အတိုင်း တင်ဒါအာမခံကြောင်း ကြေငြာလွှာ ကတိဝန်ခံချက် ပူးတွဲထားရမည်။ ယင်းသို့ ပူးတွဲမပါသော တင်ဒါတင်သွင်းချက်ကို ငြင်းပယ်ရပါမည်။

၇။　တင်ဒါတင်သွင်းသူသည် တင်ဒါအာမခံကြေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြု ထားသည့် ဘဏ်တစ်ခုခုမှ ရယူ၍ တင်သွင်းနိုင်ပါသည်။ တင်ဒါအာမခံကြေးသည် တင်ဒါတန်ဖိုး၏ (၁%) ဖြစ်ပြီး မူရင်းစာရွက်ကို တင်ဒါစာရွက်စာတမ်းများ တင်သွင်းရာတွင် ထည့်သွင်းပေးရမည် ဖြစ်သည်။

၈။　တင်ဒါစာရွက်စာတမ်းများကို စစ်ဆေးရယူနိုင်မည့်နေရာမှာ–

စီမံကိန်း ၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန၊
ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ၊ ရုံးအမှတ် (၃၄)၊ နေပြည်တော်၊
ဦးကိုကိုလတ်၊ ညွှန်ကြားရေးမှူး၊
ဖုန်း– ၀၆၇–၃၄၁၀၅၆၅၊ ၃၄၁၀၁၂၄၂၊ ၀၉၄၄၈၀၃၉၅၇၁၊
ဖက်စ်နံပါတ် ၀၆၇–၃၄၁၀၅၆၅။

၉။　တင်ဒါစာရွက်စာတမ်းများကို ရယူရန်အခက်အခဲရှိလျှင် စိတ်ဝင်စားသောအဖွဲ့များသည် အထက်ဖော်ပြပါအရာရှိထက် အဆင့်မြင့်သော–

ဦးဇော်နိုင်၊ ညွှန်ကြားရေးမှူးချုပ်၊
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ၊ ရုံးအမှတ် (၃၄)၊ နေပြည်တော် ၊
ဖုန်း၀၆၇–၃၄၁၀၂၅၄
ဖက်စ်နံပါတ်၀၆၇– ၃၄၁၀၂၅၄ သို့ စာရေးသားပေးပို့နိုင်သည်။

၁၀။　တင်ဒါတင်သွင်းရန်နှင့် တင်ဒါဖွင့်ဖောက်ရန်လိပ်စာမှာ–

ဦးကိုကိုလတ်၊ ညွှန်ကြားရေးမှူး၊

ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ၊ ရုံးအမှတ် (၃၄)၊ နေပြည်တော် ၊

ဖုန်း– ၀၆၇–၃၄၁၀၅၆၅၊ ၃၄၁၀၁၂၄၊ ၀၉၄၄၈၀၁၃၉၅၇၁၊

ဖက်စ်နံပါတ် –၀၆၇–၃၄၁၀၅၆၅ ဖြစ်သည်။

၁၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နှင့် ကမ္ဘာ့ဘဏ်သည် ကန်ထရိုက် ရရှိရန် ယှဉ်ပြိုင်ခြင်း(သို့မဟုတ်) ကန်ထရိုက် ဆောင်ရွက်ခြင်း၌ အကျင့်ပျက်ခြစားမှု၊ လိမ်လည်မှု၊ ဖိအား ပေး အကျပ်ကိုင်မှု၊ လျှို့ဝှက် ပူးပေါင်း မသမာမှုပြုခြင်းရှိသည်ဟု အချိန်မရွေးသတ်မှတ်လျှင် ယင်း အဖွဲ့အား အကန့်အသတ်မရှိ (သို့မဟုတ်) ကာလအပိုင်းအခြားဖြင့် အရွေးခံထိုက်ခြင်း မရှိကြောင်း ထုတ်ဖော်ကြေငြာရပါမည်။ **<u>နောက်ဆက်တွဲ(၁)</u>၊ ကမ္ဘာ့ဘဏ်၏လိမ်လည်မှု၊ အကျင့်ပျက်ခြစားမှု ဆိုင်ရာ မူဝါဒကိုဖတ်ရှုပါရန်။**

## တင်ဒါတင်သွင်းသူများအတွက်ညွှန်ကြားချက်

၁။ **ကုန်ပစ္စည်း**

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း) သည် ဝယ်ယူသူအဖြစ် **MOPFI–G42 /FRD/ Video Conferencing** ကို ဝယ်ယူရန် ကန်ထရိုက်စာချုပ်ပါ အချက်အလက်များအရ တင်ဒါဖိတ်ခေါ်ရာ တင်ဒါရရှိသူမှ ကန်ထရိုက်စာချုပ်ပါ အချိန်ကာလအတွင်း ကုန်ပစ္စည်းကို ပေးသွင်းရပါမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း) အတွက် ကမ္ဘာ့ဘဏ်မှ ငွေကြေးရယူခဲ့သည်။ ဝယ်ယူသူသည် ထိုငွေကြေး၏တစ်စိတ်တစ်ပိုင်းကို ယခုတင်ဒါဖိတ်ခေါ်ချက်အရ ကန်ထရိုက် အတွက် သုံးစွဲရန် လျှောက်ထားလိုပါသည်။ လူပုဂ္ဂိုလ်(များ)/လုပ်ငန်းများသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အခန်း(၇) အရ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် ပိတ်ပင်တားမြစ်ခြင်းခံရပါက ကုန်ပစ္စည်းကို တင်သွင်းရန် ငွေပေးချေမှုမပြုလုပ်ရပါ။

၃။ **တင်ဒါတင်သွင်းသူ၏ အရည်အချင်းနှင့် အကျုံးဝင်မှုသတ်မှတ်ချက်။**

အောက်ပါစံသတ်မှတ်ချက်ဖြင့် ပြည့်စုံသော တင်ဒါတင်သွင်းသူကို ကန်ထရိုက်အပ်နှင်းရပါမည်-

(က) အလားတူ ကန်ထရိုက်တစ်ခုအတွက် တင်ဒါတန်ဘိုး၏ အနည်းဆုံး ၅၀% ကို လွန်ခဲ့သော (၃) နှစ်အတွင်း လုပ်ကိုင်ပြီးစီးခဲ့ခြင်း (သို့မဟုတ်) အလားတူ ကုန်ပစ္စည်းကို လိုအပ်သောပမာဏ/အရေအတွက်(၂) ဆကို အနည်းဆုံးရောင်းချနိုင်ခဲ့ခြင်း၊

(ခ) ထုတ်လုပ်သူထံမှ ကုန်ပစ္စည်းရောင်းချခွင့် (သို့မဟုတ်) ရောင်းဝယ်ဖောက်ကားခွင့် ရရှိထားရပါမည်။

(ဂ) ကုန်ပစ္စည်းရောင်းချပြီးနောက် လိုအပ်သည့်ဝန်ဆောင်မှုများပေးနိုင်ရန် မြန်မာနိုင်ငံတွင် ဆိုင်/ရုံးများ ဖွင့်လှစ်ထားရပါမည်။

(ဃ) အခွန်ပေးဆောင်ကြောင်းအထောက်အထား ပြသနိုင်ရပါမည်။

(င) နိုင်ငံအစိုးရ (သို့) ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သော လူပုဂ္ဂိုလ်(များ)/ လုပ်ငန်းများကို ပိတ်ပင်တားမြစ်ချက် စာရင်းတွင် ပါဝင်ခြင်းမရှိစေရ။

၄။ လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှု၊ ကမ္ဘာ့ဘဏ်သည် ငွေချေးယူသူများ( သို့) လက်ခံရရှိသူများ ( ချေးငွေ၏ အကျိုးခံစားသူများ) ၊ တင်ဒါတင်သွင်းသူများ၊ ကုန်ပစ္စည်းပေးသွင်းသူများ၊ ကန်ထရိုက်တာများ၊ အားကုန်ပစ္စည်းဝယ်ယူမှုနှင့် ကန်ထရိုက်လုပ်ကိုင်စဉ် အမြင့်မားဆုံးသော ကျင့်ဝတ်သိက္ခာ ထားရှိစေလိုသည်။ ယင်းမူဝါဒကို လိုက်နာကျင့်သုံးရန် <u>**နောက်ဆက်တွဲ(၁)**</u> ၊ **ကမ္ဘာ့ဘဏ်၏ လိမ်လည်မှု၊ အကျင့်ပျက်ခြစားမှုဆိုင်ရာ မူဝါဒကိုဖတ်ရှုပါရန်။**

၅။ **တင်ဒါစာရွက်စာတမ်းများ။**

<u>တင်ဒါတင်သွင်းသူများအတွက်ညွှန်ကြားချက်</u>

တင်ဒါစာရွက်စာတမ်းအစုံတွင် အောက်ပါစာရွက်စာတမ်းများ ပါဝင်နိုင်ရမည်။

(က) ကုန်ပစ္စည်းပေးသွင်းရန်ကန်ထရိုက်အချက်အလက်များ

(ခ) ဈေးနှုန်းနှင့် ပေးသွင်းမှုအစီအစဉ်

(ဂ) ကုန်ပစ္စည်း၏အသေးစိတ် သတ်မှတ်ဖော်ပြချက်နှင့် ရုပ်ပုံများ

(ဃ) တင်ဒါပုံစံ

(င) ကန်ထရိုက်သဘောတူညီချက်ပုံစံ

(စ) တင်ဒါအာမခံနှင့် လုပ်ဆောင်ချက်အာမခံ ကတိကဝတ် ဝန်ခံချက်ကြေငြာလွှာ

၆။ **တင်ဒါတွင် ပါဝင်ရမည့်စာရွက်စာတမ်းများ**

တင်ဒါတင်သွင်းသူသည် အောက်ဖော်ပြပါ တင်ဒါဆိုင်ရာ စာရွက်စာတမ်းများကို ပြန်လည်တင်သွင်းရမည်။

(က) တင်ဒါပုံစံ

(ခ) ဈေးနှုန်းနှင့် ပေးသွင်းမှုအစီအစဉ်

(ဂ) တင်ဒါအာမခံနှင့် လုပ်ဆောင်ချက်အာမခံ ကတိကဝတ်ကြေငြာလွှာ

(ဃ) တင်ဒါအာမခံကြေးအဖြစ် ဘဏ်သို့ပေးသွင်းထားသော စာရွက်မူရင်း

၇။ တင်ဒါတင်သွင်းသူသည် လိုအပ်သည့်ပစ္စည်းအားလုံးကို အတွဲလိုက်တစ်စုံလုံးစနစ် (Package) ဖြင့် တင်ဒါတင်သွင်းရန်ဖြစ်ပြီး တင်ဒါသုံးသပ်မှုသည် ပစ္စည်းတစ်မျိုးခြင်းစီ အလိုက် ဌာနမှ သတ်မှတ်ထားသော နည်းပညာအချက်အလက်များနှင့် နှိုင်းယှဉ်စိစစ်သွားမည်ဖြစ်ပြီး ဈေးနှုန်းလွှာ ဖိတ်ခေါ်ထားသည့် ပစ္စည်းတစ်မျိုးခြင်းစီအတွက် ပစ္စည်းတစ်မျိုး၊ ဈေးနှုန်းတစ်မျိုးသာ အဆိုပြုတင်သွင်းရန်ဖြစ်သည်။ ဝယ်ယူသူသည်အနိမ့်ဆုံး အကဲဖြတ်တင်ဒါဖြင့် တင်ဒါစာရွက်စာတမ်းများအပေါ် ကောင်းစွာတုန့်ပြန်ချက်ပေးသော ပေးသွင်းသူဟု သုံးသပ်ခံရသူအား ကန်ထရိုက် အပ်နှံရမည့်အပြင် ပေးသွင်းသူသည် ကျေနပ်ဖွယ်လုပ်ဆောင်နိုင်မည့် အရည်အချင်းရှိ ကြောင်း သတ်မှတ်နိုင်ရမည်။

၈။ **တင်ဒါဈေးနှုန်းများ**

**ကုန်ပစ္စည်းအတွက်ဈေးနှုန်းများကို နောက်ဆုံးပေးအပ်ရန်နေရာ အရောက် ဈေးနှုန်းနှင့် ပေးသွင်းမှု အစီအစဉ် တွင်**ဖော်ပြသည့်အတိုင်း အကောက်ခွန်၊ ကုန်စည်ခွန်၊ အခြားပေးရန်အခွန်များ ထည့်သွင်းလျက် ကန်ထရိုက်အပ်နှင်းခံရပါက နောက်ဆုံးပေးအပ်ရန် နေရာအထိ သယ်ယူပို့ဆောင်ရေး၊ အာမခံ ကြေး၊ ဒေသအလိုက်အခြားစရိတ်များ ပါဝင်သော ဈေးနှုန်းဖြင့် ကုန်ပစ္စည်းကို ပေးပို့ ရပါမည်။ ဈေးနှုန်းသည် ပုံသေဖြစ်ပြီး လုပ်ငန်းကာလအတွင်း ဈေးနှုန်းမညှိနှိုင်းရပါ။

၉။ **တင်ဒါသက်တမ်း**

တင်ဒါသက်တမ်းသည် ညွှန်ကြားချက်အပိုဒ်(၁၂) တွင် ဖော်ပြသည့်အတိုင်း တင်ဒါ တင်သွင်း ရမည့် အချိန်မှ ပြက္ခဒိန်ရက်ပေါင်း(၆၀) တည်မြဲပါသည်။ ဝယ်ယူသူသည် တင်ဒါ သက်တမ်း တိုးမြှင့်ရန် တင်သွင်းသူအား တောင်းဆိုနိုင်ပါသည်။ ဝယ်ယူသူ၏ တောင်းဆိုချက်နှင့် တင်သွင်းသူ၏ တုံ့ပြန်ချက်ကို စာဖြင့်ဖြစ်စေ၊ ဖက်စ်ဖြင့်ဖြစ်စေ၊ အီးမေးလ်းဖြင့်ဖြစ်စေ၊ ပြုလုပ်ရပါမည်။ တင်သွင်းသူသည် တင်ဒါသက်တမ်းတိုးရန် တောင်းဆိုချက်ကို ငြင်းဆိုနိုင်ပြီး ပြစ်ဒဏ်မဆောင်ဘဲ တင်ဒါကို ရုတ်သိမ်းနိုင်ပါသည်။ တင်ဒါသက်တမ်းတိုးရန်လက်ခံသော တင်ဒါတင်သွင်းသူအား အခြားတင်ဒါ ဆိုင်ရာ အချက်အလက်များကို ပြင်ဆင်ပြောင်းလဲခိုင်းခြင်းများ မလုပ်ရပါ။

၁၀။ **ဘာသာစကား**

တင်ဒါဆိုင်ရာစာရွက်စာတမ်းများအားလုံးနှင့် ကန်ထရိုက်စာချုပ်သည် မြန်မာဘာသာကို သုံးစွဲရပါ မည်။

၁၁။ **တင်ဒါပြင်ဆင်မှုနှင့် တင်ဒါစာအိတ်ပိတ်ခြင်း**

တင်ဒါတင်သွင်းသူသည် ညွှန်ကြားချက်အပိုဒ် (၁၂) တွင် ဖော်ပြသည့်အတိုင်း တင်ဒါဆိုင်ရာ စာရွက်စာတမ်းမူရင်း(၁)စောင်ပြင်ဆင်ကာ 'မူရင်း'ဟု ရှင်းလင်းစွာ ရေးမှတ် ရပါမည်။ တင်ဒါ တင်သွင်းသူသည် 'မိတ္တူ'ဟု ရေးမှတ်လျက် မိတ္တူ(၁)စောင်ကို 'မူရင်း'နှင့် အတူတင်ရပါမည်။ ထိုနှစ်မျိုးကွဲပြားလျှင် မူရင်းသာအတည်ဖြစ်ပါမည်။ တင်ဒါမူရင်းနှင့် မိတ္တူများ ကို တင်ဒါ တင်သွင်းသူ၏ကိုယ်စားလှယ် လွှဲအပ်ခံရသူ(၁)ဦး/များမှ လက်မှတ်ရေးထိုးရပါမည်။ ထိုလက်မှတ် ရေးထိုးသူ(များ)သည် ရေးသွင်းချက်၊ ဖြည့်စွက်ချက်၊ အမှား ပြင်ဆင်ချက်များ ပါဝင်သော တင်ဒါစာမျက်နှာ အားလုံးကို လက်မှတ်တိုရေးထိုးရပါမည်။ တင်ဒါ တင်သွင်းသူသည် တင်ဒါမူရင်း နှင့် မိတ္တူများကို အတွင်းစာအိတ်တစ်လုံးစီတွင်ထည့်ကာ မူရင်းနှင့် မိတ္တူဟု ခွဲခြားရေးမှတ်လျက် အတွင်းစာအိတ်များကို အပြင်စာအိတ်တစ်ခုထဲတွင် ထည့်ပြီး ပိတ်ရပါမည်။ အတွင်းစာအိတ်များနှင့် အပြင်စာအိတ် ကို တင်ဒါဖိတ်ခေါ်စာ အပိုဒ်(၈)တွင် ဖော်ပြသည့် လိပ်စာအတိုင်း ဝယ်ယူသူအား လိပ်မူလျက် ညွှန်ကြားချက်အပိုဒ်(၁၂)တွင် ဖော်ပြသည့်အတိုင်း စာအိတ်ပေါ်တွင် 'တင်ဒါဖွင့်ရန် သတ်မှတ်သော အချိန်၊ နေ့ရက်မတိုင်မီ မဖွင့်ဖောက်ပါနှင့်' ဟု သတိပေးစာ ရေးထားရပါမည်။ အတွင်းစာအိတ်များတွင် တင်ဒါတင်သွင်းသူ၏အမည်၊ နေရပ်လိပ်စာ ပြည့်စုံစွာ ဖော်ပြထား ရပါမည်။ ထို့အပြင် စာအိတ်ကို ပိတ်ထားခြင်း၊ အထက်ပါ သတိပေးစာရေးထားခြင်း မရှိလျှင် တင်ဒါတင်သွင်းချက်အား နေရာအထားလွဲမှားခြင်း၊ တင်ဒါဖွင့်ရန်သတ်မှတ်အချိန်၊ နေ့ရက် မတိုင်မီ ဖွင့်ဖောက်ခြင်းအတွက် ဝယ်ယူသူတွင် တာဝန် မရှိစေရ။

၁၂။ **တင်ဒါတင်သွင်းရန် နေရာနှင့်အချိန်**

တင်ဒါတင်သွင်းသူသည် တင်ဒါစာရွက်စာတမ်းများကို ဝယ်ယူသူထံ တင်ဒါဖိတ်ခေါ် စာအပိုဒ်(၈) တွင် ဖော်ပြသည့်လိပ်စာသို့ ၄ **– ၆ –၂၀၂၀ရက်နေ့၊ နေ့လည် ၁ နာရီထက်** နောက်မကျ

စေဘဲပေးပို့ရမည်။ ဝယ်ယူသူသည် သတ်မှတ်အချိန်ထက် နောက်ကျမှ လက်ခံရရှိသော တင်ဒါတင်သွင်းချက်ကို စာအိတ်မဖွင့်ဖောက်ဘဲ တင်ဒါတင်သွင်းသူထံ ပြန်လည်ပေးပို့ရမည်။

၁၃။ တင်ဒါအာမခံနှင့်လုပ်ဆောင်မှုအာမခံအပေါ် ကတိဝန်ခံချက်ကြေငြာလွှာသည် တင်ဒါ အာမခံနှင့် လုပ်ဆောင်မှုအာမခံကတိဝန်ခံချက်ပုံစံ နှင့် ကိုက်ညီလျက် ကန်ထရိုက်စာချုပ် အပိုဒ်(၇) တွင် ပါရှိသော အာမခံကာလအတွက် အကျိုးဝင်စေရပါမည်။ တင်ဒါအာမခံနှင့် လုပ်ဆောင်မှုအာမခံကတိဝန်ခံချက်ကြေငြာလွှာ ပူးတွဲမပါရှိသော တင်ဒါတင်သွင်းချက်ကို ဝယ်ယူသူသည် တုံ့ပြန်လိုက်လျောမှုမရှိဟုသတ်မှတ်ကာ ငြင်းပယ်ရပါမည်။ တင်ဒါအာမခံနှင့် လုပ်ဆောင်မှု အာမခံအပေါ်ဝန်ခံချက်အရ တင်ဒါတင်သွင်းသူအား ဝယ်ယူသူမှ တင်ဒါအာမခံနှင့် လုပ်ဆောင်မှု ကတိဝန်ခံချက်ကို အကျိုးသက်ရောက်စေသောနေ့ရက်မှ (၂)နှစ်ကာလအတွင်း မည်သည့်ငွေကြေးအရင်းအမြစ်ဖြစ်စေ၊ အစိုးရမှချပေးသော ကန်ထရိုက်အားလုံးအတွက် ရွေးချယ်ခံ အရည်အချင်း မရှိဟုသတ်မှတ်ပါသည်။ ချွင်းချက်မှာ တင်ဒါတင်သွင်းသူ၏ သဘောဆန္ဒအရ တင်ဒါတန်ဘိုး စုစုပေါင်း၏ နှစ်ရာခိုင်နှုန်း(၂%) ကို ဝယ်ယူသူထံ စီမံမှုဒဏ်ကြေးအဖြစ် ပေးဆောင်ရပါမည်။ တင်ဒါအာမခံနှင့် လုပ်ဆောင်မှု အာမခံကတိဝန်ခံချက်ကို အောက်ပါအခြေအနေများတွင် အကျိုး သက်ရောက်စေရပါမည်။

(က) တင်ဒါတင်သွင်းသူသည် တင်ဒါပုံစံတွင်ဖော်ပြထားသည့် တင်ဒါသက်တမ်းကာလအတွင်းတင်ဒါတင်သွင်းချက်ကို ရုတ်သိမ်းခဲ့လျှင်

(ခ) တင်ဒါတင်သွင်းသူသည် ညွှန်ကြားချက်အပိုဒ်(၁၇)အရ တင်ဒါဈေးနှုန်း ပြင်ဆင်ချက်ကို လက်မခံခဲ့လျှင်

(ဂ) တင်ဒါရရှိသူသည် သတ်မှတ်အချိန်အတွင်း ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးရန် ပျက်ကွက်ခဲ့လျှင်

(ဃ) တင်ဒါရရှိသူသည် ကန်ထရိုက်ရရှိပြီးနောက် ဝယ်ယူသူမှ ကန်ထရိုက်ရပ်စဲသည် အထိ စည်းကမ်းဖောက်ခြင်း အကြောင်းများကြောင့် ကြီးမားသောကန်ထရိုက်ချိုးဖောက်မှု ဖြစ်ပေါ် စေခဲ့လျှင်။

၁၄။ **တင်ဒါပြောင်းလဲမှုနှင့် ရုတ်သိမ်းမှု**

ညွှန်ကြားချက်အပိုဒ် (၁၂) တွင် ဖော်ပြသည့်အတိုင်း တင်ဒါတင်သွင်းမှုကို သတ်မှတ် ထားသောအချိန်နောက်ပိုင်းတွင် ပြောင်းလဲမှုမပြုလုပ်ရ။ ညွှန်ကြားချက်အပိုဒ်(၉)တွင် ဖော်ပြသည့်အတိုင်း တင်ဒါတင်သွင်းချက် သတ်မှတ်ချိန်မှ တင်ဒါသက်တမ်းစေ့ ရောက်သည့်အချိန်အတွင်း တင်ဒါတင်သွင်းချက်ကို ရုတ်သိမ်းခဲ့လျှင် တင်ဒါအာမခံနှင့် လုပ်ဆောင်မှုအာမခံကတိဝန်ခံချက်ကို အကျိုးသက်ရောက်စေရပါမည်။

၁၅။ **တင်ဒါဖွင့်ဖောက်ခြင်း**

ဝယ်ယူသူသည် ညွှန်ကြားချက်အပိုဒ်(၁၂)တွင် ဖော်ပြသည့် အချိန်၊ နေ့ရက်၊ နေရာတွင် တင်ဒါတင်သွင်းသူများ၏ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူထဲမှ တက်ရောက်ခွင့်ရ စီမံကိန်း

အကျိုးခံစားသူများ၏ ရှေ့မှောက်၌ လူအများရှေ့တွင် တင်ဒါတင်သွင်းချက်များကို ဖွင့်ဖောက်ရပါမည်။ ထိုသို့ဖွင့်ဖောက်ရာတွင် တင်ဒါတင်သွင်းသူများ၏ အမည်၊ တင်ဒါဈေးနှုန်းများ၊ တင်ဒါတစ်ခုချင်း ၏ စုစုပေါင်းပမာဏနှင့် ဈေးလျှော့ချမှုများရှိပါက လျှော့ဈေးများ၊ တင်ဒါပြောင်းလဲမှုနှင့် ရုတ်သိမ်းမှု၊ တင်ဒါအာမခံနှင့် လုပ်ဆောင်မှုအာမခံကတိဝန်ခံချက် ပူးတွဲပါရှိခြင်း/ ထိုသို့ပူးတွဲမပါရှိခြင်း၊ အခြားအသေးစိတ် အချက်အလက်များကို ဝယ်ယူသူမှဖတ်ကြား မှတ်တမ်းတင်ရပါ မည်။ ထိုမှတ်တမ်းကို တက်ရောက်သူအားလုံးမှ မှတ်တမ်းမူရင်းတွင် လက်မှတ်ရေးထိုး ရပါမည်။ တင်ဒါဖွင့်ဖောက်ခြင်းအစီအစဉ် ပြီးဆုံးသည် နှင့် ချက်ချင်း မှတ်တမ်းမိတ္တူကို တင်ဒါတင်သွင်းသူများ၏ ကိုယ်စားလှယ်များနှင့် တက်ရောက်လာသော ဒေသခံပြည်သူ ကိုယ်စားလှယ် များအား ဝေငှရပါမည်။ မှတ်တမ်းမိတ္တူကို တင်ဒါစာရွက်စာတမ်းများ တောင်းယူရရှိခဲ့သော်လည်း တင်ဒါဖွင့်ဖောက်ရာသို့ မတက်ရောက်နိုင်သူအားလုံးထံ ပေးပို့ရပါမည်။

## ၁၆။ လျှို့ဝှက်ထားခြင်း

တင်ဒါများကိုစစ်ဆေးခြင်း၊ ရှင်းလင်းခြင်း၊ အကဲဖြတ်စိစစ်ခြင်း ၊ နှိုင်းယှဉ်ခြင်း နှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို တင်ဒါရရှိသူကို တင်ဒါအပ်နှင်းရန်ကြေငြာသည့် အချိန်အထိ ထုတ်ဖော်ခြင်းမပြုရ။

## ၁၇။ တင်ဒါများက အကဲဖြတ်စိစစ်ခြင်း နှင့် နှိုင်းယှဉ်ခြင်း

ဝယ်ယူသူသည် လုပ်ငန်းဆိုင်ရာအသေးစိတ်ဖော်ပြချက်များ၊ စံသတ်မှတ်ချက်များနှင့်အညီ တင်ဒါ(ဖိတ်ခေါ်) စာတမ်းများအပေါ် ကောင်းစွာတုံ့ပြန်လိုက်လျောလျက် အနိမ့်ဆုံးအကဲဖြတ်တန်ဘိုး ကမ်းလှမ်းချက်ဖြင့် ကန်ထရိုက်ကို ကျေနပ်ဖွယ် လုပ်ဆောင်နိုင်မည့် အရည်အချင်းရှိကြောင်း သတ်မှတ်နိုင်သော တင်ဒါတင်သွင်းသူကို ကန်ထရိုက်အပ်နှင်းရပါမည်။ ဝယ်ယူသူသည် တင်ဒါများကို စိစစ်ရာတွင် တင်ဒါတစ်ခုချင်းစီအတွက် တင်ဒါတန်ဖိုးဖြတ်ဈေးနှုန်းတွင် ဂဏန်းအမှားများ ပြင်ဆင်ရန် အောက်ပါအတိုင်း သတ်မှတ်ရပါမည်။

(က) ဂဏန်းဖော်ပြချက်နှင့် စာဖော်ပြချက် ကွာဟကွဲလွဲနေလျှင် စာဖြင့်ဖော်ပြချက် ပမာဏသာ အတည်ဖြစ်သည်။

(ခ) ယူနစ်နှုန်းနှင့်(ဘတ်ဂျက်) လိုင်းအလိုက်စုစုပေါင်းတွင် ယူနစ်နှုန်းအရေအတွက် မြှောက်ခြင်းဖြင့် ကွာဟကွဲလွဲနေလျှင် ယူနစ်နှုန်းတွက်ချက်မှုသာ အတည်ဖြစ်သည်။

တင်ဒါတင်သွင်းသူသည် ထိုပြင်ဆင်ချက်ကို လက်မခံပါက ၎င်း၏တင်ဒါတင်သွင်းချက်မှာ ငြင်းပယ်ခံရပြီး တင်ဒါအာမခံနှင့် လုပ်ဆောင်မှုအာမခံ ကတိဝန်ခံချက်ကို အကျိုးသက်ရောက်စေရပါမည်။

## ၁၈။ တင်ဒါလက်ခံနိုင်ခွင့်နှင့် ငြင်းပယ်နိုင်ခွင့်

ဝယ်ယူသူတွင် မည်သည့်တင်ဒါကိုမဆို လက်ခံနိုင်ခွင့်နှင့် ငြင်းပယ်နိုင်ခွင့်ရှိလျက် ကန်ထရိုက်မအပ်နှင်းမီ တင်ဒါတင်သွင်းသူကို ဆုံးရှုံးမှုမရှိစေဘဲ တင်ဒါယှဉ်ပြိုင်ခြင်းကို ဖျက်သိမ်းနိုင်ခွင့် ရှိသည်။

## ၁၉။ တင်ဒါချပေးမှုအကြောင်းကြားခြင်းနှင့် ကန်ထရိုက်လက်မှတ်ရေးထိုးခြင်း

ဝယ်ယူသူသည် လက်ခံလိုက်သောတင်ဒါတင်သွင်းသူကို တင်ဒါသက်တမ်းမကုန်ဆုံးမီ မှတ်ပုံတင်စာဖြင့် တင်ဒါအပ်နှံရန် အကြောင်းကြားရပါမည်။ ယင်းအကြောင်းကြားစာသည် ကန်ထရိုက်စာချုပ်၏ ဖွဲ့စည်းပုံပါ စာတစ်စောင်ဖြစ်သည်။

## ၂၀။ ပြန်လည်ရှင်းလင်းအစီရင်ခံခြင်း

တင်ဒါအပ်နှံရန် အကြောင်းကြားပြီးနောက်တွင် တင်ဒါမရရှိသော တင်ဒါတင်သွင်းသူသည် မည်သည့်အကြောင်းကြောင့် တင်ဒါမရရှိသည်ကို ပြန်လည်ရှင်းလင်းရန် တောင်းဆိုခွင့်ရှိပြီး ဝယ်ယူသူမှ ပြန်လည်ရှင်းပြရန် တာဝန်ရှိပါသည်။ ဝယ်ယူသူသည် စီးပွားရေးလျှို့ဝှက်ချက်များကို မပေါက်ကြားစေဘဲ တင်ဒါဖွင့်ဖောက်စဉ် ဖတ်ကြားခဲ့သော သတင်းအချက်အလက်များ နှင့် တင်ဒါကိုပယ်ချသည့် အကြောင်းရင်းများမှအပ အခြားတင်ဒါများနှင့်ဆိုင်သော အချက်အလက်များကို ထုတ်ဖော်ခြင်း မပြုရ။

## ၂၁။ တိုင်ကြားချက်များ

ဝယ်ယူမှုလုပ်ငန်းစဉ် အဆင့်တိုင်းတွင် အဖွဲ့တစ်ဖွဲ့သည် တိုင်ကြားမှုပြုလုပ်နိုင်သည်။ သုံးသပ်ကာလ အတွင်းမည်သည့်တိုင်ကြားချက်အပေါ်မျှ တုံ့ပြန်ဖြေဆိုခြင်းမပြုရ။ သုံးသပ်ကာလ အတွင်း ရရှိခဲ့သော တိုင်ကြားချက်များကို ဝယ်ယူသူမှ ဆန်းစစ်ပြီး သုံးသပ်ကာလပြီးဆုံးမှသာ တုံ့ပြန်ချက်ထုတ်ပြန်ရပါမည်။ တိုင်ကြားချက်များကို–

စီမံကိန်းမန်နေဂျာ

ဦးကိုကိုလတ်၊ ညွှန်ကြားရေးမှူး

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ၊ ရုံးအမှတ် (၃၄)၊ နေပြည်တော် ၊

ဖုန်း– ၀၆၇–၄၁၀၁၇၄၊ ၀၉၄၄၈၀၃၉၅၇၁၊

ဖက်စ်– ၀၆၇–၄၁၀၅၆၅ ထံ လိပ်မူရပါမည်။

စီမံကိန်းမန်နေဂျာသည် တိုင်ကြားချက်များ၏ အကြောင်းဇစ်မြစ်ကို စုံစမ်းလျက် သုံးသပ်ကာလအတွင်း ရရှိခဲ့သော တိုင်ကြားချက်များမှအပ တိုင်ကြားချက်များကို လက်ခံရရှိပြီး (၁၄)ရက်အတွင်း ပြန်ကြားရပါမည်။ စီမံကိန်းမန်နေဂျာ၏ ပြန်ကြားချက်ကို တင်ဒါတင်သွင်းသူမှ မကျေနပ်လျှင်၊ (သို့မဟုတ်) တိုင်ကြားမှုအပေါ် ပြန်ကြားချက်မရရှိခဲ့လျှင်–

စီမံကိန်းဒါရိုက်တာ

ဦးဇော်နိုင်၊ ညွှန်ကြားရေးမှူးချုပ်

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ၊ ရုံးအမှတ် (၃၄)၊ နေပြည်တော် ၊

ဖုန်း၀၆၇–၄၁၀၂၅၄

ဖက်စ်နံပါတ်၀၆၇– ၄၁၀၂၅၄ ထံ ရည်ညွှန်းရပါမည်။

ယင်းအခြေအနေတွင် တိုင်ကြားချက် မိတ္တူ(၁)စောင်ကို ကမ္ဘာ့ဘဏ်စီမံကိန်းလုပ်ငန်းအဖွဲ့ခေါင်းဆောင် –

Ms. Smita Wagh

E-mail Address- swagh@worldbank.orgထံ ပေးပို့ရပါမည်။

၂၂။ **တင်ဒါအပ်နှင်းကြောင်း သတင်းထုတ်ပြန်ခြင်း**

ဝယ်ယူသူသည် (က) ကန်ထရိုက်အပ်နှင်းပြီးနောက် တင်ဒါတင်သွင်းသူအားလုံးထံ တင်ဒါအကဲ ဖြတ်စိစစ်မှု ရလဒ်ကို စာဖြင့် ချက်ချင်း အကြောင်းကြားရမည်။ (ခ) ကန်ထရိုက် အပ်နှင်းခြင်း ကြေငြာစာနှင့် ကန်ထရိုက်မှတ်ပုံတင်ခြင်းကို လူအများသိရှိစေရန် ဝယ်ယူသူ၏ရုံးတွင် ကပ်ထားကြောင်းကို (၄)လပတ်ကာလအဆုံးတွင် ဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်စာမျက်နှာပေါ်တွင် သတင်းတင်ပြထားရပါမည်။

၂၃။ **ဝယ်ယူသူနှင့် ပေးသွင်းသူ၏တာဝန်ဝတ္တရားများ**

ဝယ်ယူသူနှင့် ကန်ထရိုက်တာတို့ အောက်ပါအတိုင်း သဘောတူကြသည်။

- ကန်ထရိုက်စျေးနှုန်းမှာ------------------------------------------(ပမာဏကို စာဖြင့်ငင်း၊ ဂဏန်းဖြင့်ငင်း၊ ရေးရန်) ၊ ယင်းပမာဏမှာ စျေးနှုန်းနှင့် ကုန်ပစ္စည်း ပေးအပ်မှု အစီအစဉ်တွင် ဖော်ပြထားသည့် ကုန်ပစ္စည်းများ အပြည့်အဝ ပေးအပ်ရန်ဖြစ်သည်။
- ပေးသွင်းသူသည်----------------------------------------------
  (ကုန်ပစ္စည်းအကြောင်း ဖော်ပြချက်ရေးရန်) ကို ပေးအပ်ရမည့် နေ့ရက် (သို့မဟုတ်) ယင်းမတိုင်မီ နောက်ဆုံးပေးအပ်ရန်နေရာ(စီမံကိန်း တည်နေရာ) သို့ စျေးနှုန်းနှင့် ကုန်ပစ္စည်း ပေးအပ်မှု အစီအစဉ်အရ ကုန်ပစ္စည်း၏ အသေးစိတ်သတ်မှတ်ဖော်ပြချက်များ နှင့်အညီ ပေးပို့ရပါမည်။ ပေးသွင်းသူသည် 'ဂိုဒေါင်မှ ဂိုဒေါင်သို့' (နောက်ဆုံးပေးအပ်ရန်နေရာ) ပေးပို့ရာတွင် အားလုံးဆုံးရှုံးနိုင်ခြေရှိခြင်း အခြေခံမှုအရ ကုန်ပစ္စည်းများကို ဆုံးရှုံးမှု (သို့မဟုတ်) ပျက်စီးမှုအတွက် အပြည့်အဝ အာမခံရန် တာဝန်ရှိပါသည်။

စျေးနှုန်းနှင့် ကုန်ပစ္စည်းပေးအပ်မှုအစီအစဉ်အရ ကုန်ပစ္စည်းပေးအပ်ရမည့် နေ့ရက်ထက် ကျော်လွန်သောကြန့်ကြာမှု (၁)ရက်အတွက် စုစုပေါင်းစျေးနှုန်း၏ (၀.၁%)ကို ပေးသွင်းသူအား လျှော့ပေါ့ပေးခွင့် ရှိပါသည်။ လျှော့ပေါ့မှုကို အများဆုံး (၁၀%) အထိ ခွင့်ပြုလျက် ယင်းထက်ကျော်လျှင် ဝယ်ယူသူမှ ကန်ထရိုက်ရပ်စဲနိုင်ပါသည်။

စစ်ပွဲ (သို့မဟုတ်) သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းကြောင့် ကန်ထရိုက်ပြီးမြောက်ရန် မဖြစ်နိုင်လျှင် ပေးသွင်းသူသည် ကန်ထရိုက်မှ ဖြေလျှော့ပေးရန်ဝယ်ယူသူထံ တောင်းဆိုနိုင်ပါသည်။ ပေးသွင်းသူပေးသွင်းရမည့် ကုန်ပစ္စည်းအားလုံးမှာ အသစ်စက်စက်၊ အသုံးမပြုရသေးသော ကုန်ပစ္စည်းများ ဖြစ်ရမည့်အပြင် အမှန်ပေးအပ်ရမည့်နေ့ရက်မှ အာမခံအဖြစ် (-----------)လ (ကုန်ပစ္စည်း အမျိုးအစားအပေါ် မူတည်လျက် အာမခံကာလသည် (၆)လမှ (၃)နှစ် လိုအပ်ကြောင်း ရေးရန်) ရှိရပါမည်။ ယင်းကာလတစ်လျှောက် ပေးသွင်းသူသည် ကုန်ပစ္စည်း၏ အရည်အသွေး (သို့မဟုတ်) ကုန်ထုတ်သော လုပ်သား၏အရည်အသွေးကြောင့် ထိုကာလအတွင်းပေါ်ပေါက်သော ချို့ယွင်းချက်ကို မိမိစရိတ်ဖြင့် ကောင်းမွန်အောင် ပြုလုပ်ပေးရန် သဘောတူရပါမည်။

## ၂၄။ ငွေပေးချေမှုပြဌာန်းချက်

ငွေပေးချေမှုကို အောက်ပါအစီအစဉ်၊ အခြေအနေများအတိုင်း ပြုလုပ်ရပါမည်။

(မှတ်ချက်။ ဝယ်ယူသူသည် အောက်ပါငွေပေးချေမှု အစီအစဉ်နမူနာပုံစံကို အသုံးပြုနိုင်ပြီး ကန်ထရိုက်၏ သီးခြားလိုအပ်ချက်များ ပြည့်မီရန် အကြောင်းအားလျော်စွာ ပြင်ဆင်နိုင်သည်။ ယခုမှတ်ချက်ကို နောက်ဆုံးကန်ထရိုက်စာချုပ်တွင် ခြစ်ပစ်ရန်)

| ငွေပေးချေမှုအဆင့် | ပမာဏ | ငွေပေးချေမှု အခြေအနေများ |
|---|---|---|
| ငွေပေးချေမှုအဆင့် (၁) | ကန်ထရိုက်ဈေးနှုန်း၏ ၉၀% | ကုန်ပစ္စည်းလက်ခံရရှိသည့်အခါ |
| ငွေပေးချေမှုအဆင့် (၂) | ကန်ထရိုက်ဈေးနှုန်း၏ ၁၀% | ကုန်ပစ္စည်းကို စစ်ဆေးလက်ခံပြီးနောက် |

ငွေပေးချေမှုအဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ကန်ထရိုက်ဈေးနှုန်း၏ ၉၀%။ ဝယ်ယူသူသည် စီမံကိန်းတည်နေရာသို့ ပေးပို့ကုန်ပစ္စည်း ရောက်ရှိသောအခါ လက်ခံရရှိကြောင်း စာထုတ်ပေးရပါမည်။ ပေးသွင်းသူသည် ထိုလက်ခံရရှိကြောင်းစာ မူရင်း ပူးတွဲလျက် ကုန်ရောင်းငွေတောင်းခံလွှာကို မိမိလက်မှတ်ရေးထိုးထားသော မူရင်းနှင့် မိတ္တူ(၃)စောင် ပေးရပါမည်။ ဝယ်ယူသူသည် ငွေတောင်းခံလွှာရရှိပြီး ရက်(၃၀) အတွင်းငွေပေးချေရပါမည်။

(ခ) ကန်ထရိုက်ဈေးနှုန်း၏ ၁၀%။ ကုန်ပစ္စည်းရရှိပြီး (၇)ရက်အတွင်း ဝယ်ယူသူသည် စစ်ဆေးမှု နှင့် စမ်းသပ်မှုများကို လိုအပ်သကဲ့သို့ ပြုလုပ်ရပါမည်။ ကုန်ပစ္စည်းသည် စစ်ဆေးမှုနှင့် စမ်းသပ်မှုများကို ကျော်ဖြတ်နိုင်လျှင် ဝယ်ယူသူသည် ပေးသွင်းသူအား လက်ခံ ရရှိကြောင်း စာထုတ်ပေးရပါမည်။ ပေးသွင်းသူသည် ငွေတောင်းခံလွှာ/ ကုန်ရောင်းပြေစာ၊ လက်ခံကြောင်းစာနှင့်အတူ ပေးသွင်းသူလက်မှတ်ရေးထိုးထားသော မူရင်း နှင့် မိတ္တူ(၃)စောင်အား ပူးတွဲတင်ပြရပါမည်။ ဝယ်ယူ သူသည် အဆိုပါစာရွက်များ ပေးသွင်းပြီး ရက်(၃၀) အတွင်း ငွေပေးချေရပါမည်။

(ဂ) ကုန်ပစ္စည်းပေးပို့ပြီး (၇)ရက်ကျော်လွန်လျှင် ဝယ်ယူသူသည် လက်ခံရရှိကြောင်းစာ (သို့) ချို့ယွင်းချက်ရှိသော ကုန်ပစ္စည်းများကို ပြင်ဆင်ရန် (သို့) လဲလှယ်ရန် ညွှန်ကြားစာ မထုတ်ပေးခဲ့လျှင် ပေးသွင်းသူသည် ကုန်ရောင်းပြေစာကို မူရင်းနှင့် မိတ္တူ(၃)စောင် ပေးပို့ပြီး ကုန်ပစ္စည်းလက်ကျန် ၁၀% အတွက် တင်ပြရပါမည်။ ဝယ်ယူသူသည် ထိုသို့တင်ပြပြီး ရက်(၃၀) အတွင်းငွေပေးချေရပါမည်။

ငွေပေးချေမှုကို (ငွေကြေး-------------------)ဖြင့် အောက်ပါအချိုးအတိုင်း ပြုလုပ်ရပါမည်။

ငွေပေးချေရမည့်နေ့ရက်ထက် ပြက္ခဒိန်လ(၁) လ နောက်ကျခဲ့လျှင် ဝယ်ယူသူသည် ပေးသွင်းသူအား ထိုပထမလနှင့် ငွေပေးရန် ဆက်တိုက်နောက်ကျသောလများအတွက် ပေးချေရမည့် ငွေပမာဏ၏ ၂% အတိုးပေးရပါမည်။

ပေးသွင်းသူ၏ ပြစ်ချက်ကြောင့် ကန်ထရိုက်ပျက်ပြယ်ခဲ့သော် ဝယ်ယူသူသည် ကုန်ပစ္စည်းများကို အခြားအရင်းအမြစ်မှ ရယူခွင့်ရှိသည်။ ထိုပေးသွင်းသူသည် ကန်ထရိုက်တန်ဖိုးထက် ပိုမိုကုန်ကျသောစရိတ် တာဝန်ယူရပါမည်။

## ၂၅။ လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှု

ကမ္ဘာ့ဘဏ်သည် ငွေချေးယူသူများ (သို့) လက်ခံရရှိသူများ (ချေးငွေ၏အကျိုးခံစားသူများ) တင်ဒါ တင်သွင်းသူများ၊ ကုန်ပစ္စည်းပေးသွင်းသူများ၊ ကန်ထရိုက်တာများ။ ကျွမ်းကျင်သူအတိုင်ပင်ခံပုဂ္ဂိုလ်များအား ကုန်ပစ္စည်းဝယ်ယူနှင့် ကန်ထရိုက်လုပ်ကိုင်စဉ် နောက်ဆက်တွဲ (၁)၊ ကမ္ဘာ့ဘဏ်လိမ်လည်မှု၊ အကျင့်ပျက်ခြစားမှုဆိုင်ရာလုပ်ထုံးအရ အမြင့်မားဆုံးသော ကျင့်ဝတ်သိက္ခာထားရှိစေလိုပါသည်။

# တင်ဒါပုံစံ

သို့

ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ လ၊ ရက်

ဦးကိုကိုလတ် ၊ ညွှန်ကြားရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် (၃၄)၊ နေပြည်တော်

တင်ဒါစာတမ်း နှင့် အညီ တင်ဒါစာတမ်းများ၌ ဖော်ပြသောပေးအပ်မှု အစီအစဉ်အရ ကျွန်ုပ်တို့သည် အောက်ပါကုန်ပစ္စည်း( ကုန်ပစ္စည်းအကြောင်းဖော်ပြချက်အကျဉ်း)ကို ပေးသွင်းရန် ကမ်းလှမ်းပါသည်။ လျှော့ချဈေးအပါအဝင် ကျွန်ုပ်တို့၏ တင်ဒါဈေးနှုန်း စုစုပေါင်းမှာ ……………..…………… (စာဖြင့်လည်းကောင်း၊ ဂဏန်းဖြင့်လည်းကောင်း၊ ဖော်ပြရန်) ဖြစ်သည်။

ကျွန်ုပ်တို့သည် အစိုးရပိုင်အဖွဲ့အစည်း (သို့) လုပ်ငန်းမဟုတ်ပါ။ (သို့) ကျွန်ုပ်တို့သည် တရားဝင် ရပ်တည်လျက် စီးပွားရေးအရ လွတ်လပ်စွာ စီမံဆောင်ရွက်သော အစိုးရပိုင်အဖွဲ့အစည်း ဖြစ်၍ ကျွန်ုပ်တို့၏ ကြီးကြပ်အောက်တွင်ရှိသောအဖွဲ့အတွက် ကန်ထရိုက်ရရန် တင်သွင်းခြင်း မဟုတ်ပါ။

ကျွန်ုပ်တို့သည် ကမ္ဘာ့ဘဏ်(သို့) အခြားနိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများမှ ရပ်စဲခြင်း (သို့) ပိတ်ပင်တားမြစ်ခြင်းမခံရပါ။

ဤတင်ဒါတင်သွင်းချက် နှင့် သင်၏လက်ခံစာသည် ကျွန်ုပ်တို့အကြား၌ ချည်နှောင် ချုပ်ဆိုမည့် ကန်ထရိုက်စာချုပ်ဖြစ်လာပါမည်။ သင်သည် ဈေးအနိမ့်ဆုံး ကမ်းလှမ်းသော တင်ဒါ (သို့) မည်သည့် တင်ဒါမဆို လက်ခံရန်ချည်နှောင်ထားခြင်းမရှိဟု ကျွန်ုပ်နားလည်ပါသည်။ ကျွန်ုပ်တို့ သည် ယခုတင်ဒါကို တင်သွင်းရမည့် သတ်မှတ်ချက်ထက် ရက်(၆၀) အထိသာ သက်တမ်းရှိသည်ဟု အတည် ပြုပါသည်။

ကျွန်ုပ်တို့သည် ယခုတင်ဒါတင်သွင်းရန် ကြိုတင်ပြင်ဆင်ချက်များအပေါ်စစ်ဆေးရန် နှင့် စာရင်းစစ်ဆေးရန် အစိုးရနှင့် ကမ္ဘာ့ဘဏ် (အစိုးရ မဟုတ်သော အခါ၌လည်း ကမ္ဘာ့ဘဏ်) ၏ တာဝန် လုံးဝနားလည်အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့ တင်ဒါအောင်မြင်ခဲ့လျှင် နောက်ဆက်တွဲ (၁)ပါ ကမ္ဘာ့ဘဏ်၏ အကျင့်ပျက်ခြစားမှု နှင့် လိမ်လည်မှုမူဝါဒအရ ထွက်ပေါ်လာမည့် ကန်ထရိုက် ကို အကောင်အထည်ဖော်ရန် ကျွန်ုပ်တို့အသိအမှတ်ပြုလက်ခံပါသည်။

တရားဝင်လက်မှတ်…………………………….

တင်ဒါတင်သွင်းသူ၏အမည်……………………

လိပ်စာ………………………………………………

ဖုန်းနံပါတ်…………………………………………..

ဖက်စ်………………………………………………...

## ဈေးနှုန်းပေးအပ်မှု အစီအစဉ်

| စဉ် | ပစ္စည်း အမျိုးအမည် | ရေတွက်ပုံ | တစ်ခုချင်း ဈေးနှုန်း | စုစုပေါင်း ဈေးနှုန်း (ကျပ်) | ပေးသွင်းရမည့် အချိန် | ပေးပို့ရမည့် နောက်ဆုံးနေရာ |
|---|---|---|---|---|---|---|
| ၁။ | **Video Conferencing** | ၁ | | | တင်ဒါအောင်မြင်ပြီးနေ့မှ ရက်ပေါင်း ၃၀ အတွင်း | ရုံး (၃၄)၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊နေပြည်တော် |
| | | ၁ | | | | ရန်ကုန်တိုင်းဒေသကြီး ရုံးခွဲ၊ ရန်ကုန်မြို့။ |
| | | ၁ | | | | မန္တလေးတိုင်းဒေသကြီး ရုံးခွဲ၊ မန္တလေးမြို့။ |

**မှတ်ချက်။ ။ ကုန်သွယ်လုပ်ငန်းခွန် (၅ %) နှင့် Withholding Tax (၂ %) ပါဝင် ပြီးဖြစ်သော တစ်ယူနစ် ဈေးနှုန်းတန်ဖိုးကိုသာ ဖော်ပြပေးရမည်။**

အထက်ဖော်ပြပါပစ္စည်းအားလုံးအတွက် တင်ဒါအာမခံကြေးအဖြစ်…………………....ကျပ် တိတိအား ဘဏ်သို့ပေးသွင်းထားသော စာရွက်မူရင်းကို တင်ဒါပုံစံပြန်လည်တင်သွင်းချိန်တွင် တစ်ပါတည်း တင်သွင်းရမည်။

သုံးမည့်ငွေကြေးအမျိုးအစားမှာ မြန်မာကျပ်ငွေ ဖြစ်၍၊ နောက်ဆုံးပေးပို့ရန်နေရာအထိ အကောက်ခွန်၊ အမြတ်ငွေ၊ ပေးရန်ရှိသော အခြားအခွန်များ၊ သယ်ယူ ပို့ဆောင်ရေးစရိတ် ၊ အာမခံကြေး တို့ပါဝင်သည်။

မှတ်ချက်၊ ယူနစ်ဈေးနှုန်းနှင့်စုစုပေါင်း ကွာဟကွဲလွဲလျှင် ယူနစ်ဈေးနှုန်းသာ အတည်ဖြစ်သည်။

စုစုပေါင်းတင်ဒါ ဈေးနှုန်း………………………………………….

စာဖြင့်……………………………………………………………….

တင်သွင်းသူ၏တရားဝင်လက်မှတ်………………………………...

# တင်ဒါအာမခံနှင့် လုပ်ဆောင်မှုကတိခံဝန်ချက်

ရက်စွဲ၊......................

ကန်ထရိုက် အမည်၊.....................................................

ကန်ထရိုက်၏ မှတ်ပုံတင်အမှတ်၊.........................................

တင်ဒါဖိတ်ခေါ်စာအမှတ်၊ **MOPFI–G42 /FRD/ Video Conferencing System**

သို့

ဦးကိုကိုလတ် ၊ ညွှန်ကြားရေးမှူး

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ရုံးအမှတ် (၃၄)၊ နေပြည်တော်

အောက်ပါလက်မှတ်ရေးထိုးသူများသည်

၁။ သင်၏သတ်မှတ်ချက်များနှင့်အညီ တင်ဒါတင်သွင်းချက်တွင် တင်ဒါအာမခံနှင့် လုပ်ဆောင်မှု ကတိခံချက်ထည့်သွင်းရမည်ကို နားလည်လက်ခံပါသည်။

၂။ ကျွန်ုပ်တို့သည် တင်ဒါသတ်မှတ်ချက်များနှင့် ကန်ထရိုက် သတ်မှတ်ချက်များအရ အောက်ပါ ကဲ့သို့ ဖောက်ဖျက်ခဲ့လျှင် ကျွန်ုပ်တို့သည် ဝယ်ယူသူနှင့် မြန်မာနိုင်ငံအစိုးရမှ ခေါ်ယူသော ကန်ထရိုက် များတွင် အကျုံးဝင်ခြင်းကို ဤတင်ဒါအာမခံနှင့်လုပ်ဆောင်မှုကတိဝန်ခံချက်အရ ဝယ်ယူသူမှ အရေးယူဆောင်ရွက်သော နေ့ရက်အချိန်မှ (၂)နှစ်ကာလအထိ ရပ်စဲခံရမည်ဖြစ်ကြောင်း (သို့) ကန်ထရိုက်ဈေးနှုန်း၏ (၂%) ပြစ်ဒဏ်ပေးဆောင်ရမည် ကို နားလည်လက်ခံပါသည်။

(က) တင်ဒါတင်သွင်းချက်တွင်ဖော်ပြသော တင်ဒါသက်တမ်းကာလအတွင်း တင်ဒါကို ရုတ်သိမ်းခဲ့ လျှင်–

သို့မဟုတ်

(ခ) တင်ဒါစာတမ်းအရ တင်ဒါတင်သွင်းသူအား ညွှန်ကြားချက်များအညီ အမှားပြင်ဆင်ချက်ကို လက်မခံခဲ့လျှင်

သို့မဟုတ်

(ဂ) ဝယ်ယူသူမှတင်ဒါသက်တမ်းအတွင်း ကျွန်ုပ်တို့သည်တင်ဒါကိုလက်ခံကြောင်း အကြောင်းကြားသော်လည်း (၁) ကန်ထရိုက် ပုံစံကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင်( သို့) ငြင်းပယ်ခဲ့လျှင်–

သို့မဟုတ်

(ဃ) ကျွန်ုပ်တို့၏ချွတ်ယွင်းမှုကြောင့် ဝယ်ယူသူမှ ကန်ထရိုက်ရပ်စဲသည်အထိ ကန်ထရိုက်စာချုပ်အား ကြီးစွာသော ဖောက်ဖျက်မှုပြုလုပ်ခဲ့လျှင်–

၃။ တင်ဒါအာမခံနှင့် လုပ်ဆောင်မှုကတိခံဝန်ချက်သည် ကျွန်ုပ်တို့၏တင်ဒါ မအောင်လျှင် ဖြစ်စေ၊(၁) ကျွန်ုပ်တို့၏တင်ဒါမအောင်ကြောင်း သင့်အကြောင်းကြားစာ လက်ခံရရှိခဲ့လျှင် (၂) ကျွန်ုပ်တို့၏ တင်ဒါသက်တမ်း ပျက်ပြက်ပြီး ရက် ၃၀ ကျော်လွန်ခြင်း ၊ ကျွန်ုပ်တို့၏ တင်ဒါ အောင်မြင်၍ ကန်ထရိုက်အပ်နှင်းခံရလျှင် ဤတင်ဒါ အာမခံနှင့် လုပ်ဆောင်မှုကတိခံဝန်ချက်သည် ကန်ထရိုက် အခြေအနေအပိုဒ် (၇) အရ အာမခံကာလ ပြီးဆုံးလျှင် သက်တမ်းပျက်ပြယ်ကြောင်း နားလည် လက်ခံပါသည်။

၄။ ကျွန်ုပ်တို့သည်ဖက်စပ်လုပ်ငန်းဖြစ်လျှင် ဤတင်ဒါအာမခံနှင့် လုပ်ဆောင်မှု ကတိခံဝန် ချက်ကို ဖက်စပ်လုပ်ငန်း(Joint Venture ) အမည်အောက်တွင်တင်သွင်းရမည်ကို နားလည်လက်ခံ ပါသည်။ တင်ဒါခေါ်ဆိုချိန်၌ ဖက်စပ်လုပ်ငန်းတရားဝင်မဖွဲ့စည်းရသေးလျှင်ဤ တင်ဒါအာမခံနှင့် လုပ်ဆောင်မှု ကတိဝန်ခံချက်သည် ဆန္ဒပြုကြောင်းစာတွင် ပါရှိသည့်အတိုင်း အနာဂတ်လက်တွဲဖော် များ (Future Partners) အမည်များနှင့်တင်သွင်းရမည်ကို နားလည်လက်ခံပါသည်။

လက်မှတ် ..........................................

အမည် ..........................................

ရာထူး ..........................................

ကုမ္ပဏီအမည်..........................................

တံဆိပ်တုံး ..........................................

## နည်းပညာဆိုင်ရာ အသေးစိတ်သတ်မှတ်ချက်ဖော်ပြချက်နှင့် ရုပ်ပုံများ

မိမိတင်ဒါအရည်အချင်း (သို့) အခြေအနေ ကန့်သတ်ချက်မပြုဘဲ အလုပ်ရှင်၏ လိုလားချက်များကို စစ်မှန်စွာ နှင့် ယှဉ်ပြိုင်တုံ့ပြန်နိုင်ရန် ရှင်းလင်းတိကျသော နည်းပညာဆိုင်ရာ အသေးစိတ်သတ်မှတ်ဖော်ပြချက်သည် တင်ဒါတင်သွင်းသူများအတွက် လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ လုပ်ငန်းဆိုင်ရာ အသေးစိတ် သတ်မှတ်ချက်ဖော်ပြချက်ကို ကျယ်ပြန့်သော ယှဉ်ပြိုင်မှုဖြစ်အောင် အတတ်နိုင်ဆုံး ရေးဆွဲရပါမည်။ တချိန်တည်းမှာလိုအပ်သော လုပ်သား အရည်အသွေး၊ လုပ်ငန်းသုံးပစ္စည်း၊ ကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှု များအပေါ် ရှင်းလင်းသော ဖော်ပြချက်ကိုလည်း ပေးရပါမည်။ လုပ်ငန်းဆိုင်ရာ အသေးစိတ် သတ်မှတ်ဖော် ပြချက်အရ အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများ အားလုံးသည် အသုံးမပြုရသေးသော အသစ်စက်စက် ပစ္စည်းများဖြစ်ရမည့်အပြင် လတ်တလော ထုတ်လုပ်သော ပုံစံများဖြစ်ကာ ကန်တရိုက်တွင် မဖော်ပြထားသော်လည်း ဒီဇိုင်းနှင့် ပစ္စည်းများမှာ လတ်တလော ထုတ်လုပ်မှုဖြစ်ရပါမည်။ **ပစ္စည်းများအားလုံးကို ရုပ်ပုံများနှင့်တကွ တင်ပြရမည်။**

| စဉ် | ဌာနမှ လိုအပ်သော ပစ္စည်း | နည်းပညာဆိုင်ရာ အသေးစိတ်ဖော်ပြချက် | လိုက်နာကြောင်းဖော်ပြချက်။ |
|---|---|---|---|
| | | | တင်ဒါတင်သွင်းသူသည် လုပ်ငန်းဆိုင်ရာ အသေးစိတ် သတ်မှတ် ဖော်ပြချက်တိုင်း၏ သတ်မှတ်ချက် ဘောင်တစ်ခုချင်း အပေါ် ကမ်းလှမ်းသော ကရိယာ၏စွမ်းဆောင်မှု သတ်မှတ်ချက် ဘောင်ကိုပြဆိုလျက် လိုက် နာသည် မလိုက်နာသည်ဟု ဖော်ပြချက်များသည် တင်ဒါ တင်သွင်းသူ၏ တင်ဒါစာတမ်း၌ အထောက်အထားဖြင့် လည်း |

| | | | |
|---|---|---|---|
| | | | ကောင်း ၊ ယင်းအထောက်<br>အထားကို ပြန်လှန်ရည်ညွှန်း၍<br>လည်းကောင်းထည့်သွင်းရ<br>မည်။<br>အထောင်အထားမရှိသော<br>တင်ပြချက်(သို့) တင်ပြသော<br>အထောက် အထား နှင့်<br>ဆန့်ကျင်ကြောင်း<br>နောက်ပိုင်း၌ တွေ့ရှိလျှင်<br>ထိုတင်ပြချက် ကို<br>ငြင်းပယ်သည်ဟု<br>အကဲဖြတ်နိုင် သည်။<br>လိုက်နာသည် ဟု ဖော်ပြချက်<br>များ (သို့) တင်ပြသော<br>အထောက် အထားသည်<br>စိစစ်အကဲဖြတ်စဉ်၌ ဖြစ်စေ၊<br>ကန်ထရိုက် အကောင်အထည်<br>ဖော်စဉ်၌ ဖြစ်စေ၊<br>မှားယွင်းကြောင်း တွေ့ရလျှင်<br>လိမ်လည်မှု ဟု ယူဆပြီး<br>တင်ဒါတင်သွင်းသူ (သို့)<br>ပေးသွင်းသူ ကို အရေးယူ<br>ရပါမည်။ |
| ၁။ | **Video Conferencing** | **Video Standards and protocols**<br>H.261, H.263, H 264 AVC,H.264 High Profile, H.264 SVC , RTV<br>H.239/Polycom, People+Content<br>H.263 & H.264 video error concealment | |
| | | **Video input**<br>1 x HDCI<br>1 x HDMI 1.3<br>1 x VGA | |

| | | | |
|---|---|---|---|
| | | **Video out**<br>2 x HDMI 1.3 | |
| | | **People video resolution**<br>1080p, 60 fps from 1740 Kbps<br>1080p, 30 fps from 1024 Kbps<br>720p, 60 fps from 832 Kbps<br>720p, 30 fps from 512 Kbps<br>4SIF/4CIF, 60 fps from 512 Kbps<br>4SIF/4CIF, 30 fps from 128 Kbps<br>SIF (352 x 240), CIF (352 x 288), from 64 kbps<br>QSIF (176 x 1200), QCIF (176 x 144), from 64 kbps<br>w288p from 128 kbps<br>w448 from 384 kbps<br>w576p from 512 kbps | |
| | | **Content video resolution**<br>**Input**<br>HD (1920x 1080), HD (1920 x 1080p)<br>WSXGA+ (1680 x 1050)<br>UXGA (1600 x 1050)<br>SXGA (1280 x1024)<br>WXGA (1280 x 768)<br>HD (1280 x 720p),XGA (1024x768)<br>SVGA (800 x 600)<br>**Output**<br>WUXgA (1920 x1200)<br>HD (1920 x 1080)<br>WSXGA + (1680 x1050)<br>SXGA+ (1400 x 1050)<br>SXGA (1280 x 1024)<br>HD (1280 x 720)<br>XGA (1024 x768)<br>VGA (640 x 480)<br>**Content frame rate** | |

| | | | |
|---|---|---|---|
| | | 5–60 fps (up to 1080p resolution at 60 gps)<br>**Content Sharing**<br>People+ Content and<br>People+ Content IP | |
| | | **Audio input**<br>1 x RealPresence Grop microphone array input port (Supporting a total of 4 microphone arrays)<br>1 x HDCI (camera)<br>1 x HDMI<br>1 x 3.5 mm stereo line–in | |
| | | **Audio output**<br>1 x HDMI<br>1 x 3.5 mm stereo line–out | |
| | | **Other interfaces**<br>2 x USB 2.0<br>1 x RS–232, 8–pin mini–DIN | |
| | | **Audio Standards and protocols**<br>22 kHz bandwidth, AAC–LD (TIP calls)<br>14 kHz bandwidth, G.722.1 Annex C<br>7 kHz bandwidth with G.722, G.722.1<br>3.4 kHz babdwidth with G.722.1, G.728, G.729A | |
| | | **Other Supported standards**<br>H224/H.281, H.323 Annex Q, H.225, H.245, H.241, H.239, H.243, H.460<br>BFCP (RFC 4582)<br>TIP | |
| | | **Network**<br>IPv4 and IPv6 support<br>1 x 10/100/1G Ethernet | |

| | | | |
|---|---|---|---|
| | | Auto-MDIX<br>H.323 and/or SIP up to 6 Mbps<br>Polycom Lost Packet Recovery (LPR) technology | |
| | | **Software Options**<br>Skype for Business and Lync Intergration<br>TIP interoperability<br>1080p license, providing up to 1080p60 for people and content<br>Multipoint license for up to 6 sites at 720p30, or 4 sites at 1080p30 | |
| | | **Warranty**<br>One-year return to factory parts and labor | |
| | | **TV 48 in- Full HD Resolution (19020x1080), Internet TV, X-Reality Pro Picture Engine, Open Baffle Speaker, Clear Audio+, WiFi Certisified, LAN, You Tube, Opera Browser, HGMI-2 input, Video -1 input, USD-1**<br>**TV stand – TV Stand with Mount for 35-55 inches Flat Panel Screens** | |
| | | **Have to install in the following places – Head Office, Yangon and Mandalay** | |

## လိမ်လည်လှည့်ဖြားမှုနှင့်အကျင့်ပျက်ခြစားခြင်း (Fraud and Corruption)

ဘဏ်၏မူဝါဒများအရ ဘဏ်ချေးငွေမှအကျိုးအမြတ်များခံစားနေသူများအပါအဝင် ငွေချေးယူ သူများ ၊ အကြံပေးပုဂ္ဂိုလ်များ နှင့် ၎င်းတို့၏ကိုယ်စားလှယ်များ (တရားဝင်ကြေညာသည် ဖြစ်စေ၊ မကြေညာ သည်ဖြစ်စေ) တစ်ဆင့်ခံဆောင်ရွက်သည့် ကန်ထရိုက်တာများ၊ တစ်ဆင့်ခံအကြံပေး ပုဂ္ဂိုလ် များ၊ ဝန်ဆောင်မှုပေးသူများနှင့် ပစ္စည်းပေးသွင်းသူများ၊ အခြားသောမည်သည့် ဝန်ထမ်းမျိုးမဆို ဘဏ်၏ ထောက်ပံ့ချေးငွေများဖြင့် ဆောင်ရွက်နေသည့် သဘောတူညီမှု လုပ်ငန်းများအတွက် ရွေးချယ်ငှားရမ်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် ကာလအတွင်း[၁] ကိုယ်ကျင့်သိက္ခာ ကောင်းမွန် အဆင့်အတန်းမြင့်ရန် လိုအပ်သည်။

ဘဏ်သည်၎င်း၏မူဝါဒများအကောင်အထည်ဖော်ရာတွင်

(က) ဤပြဋ္ဌာန်းချက်များအတွက် အသုံးအနှုန်းများကို အောက်ဖော်ပြပါအတိုင်း အဓိပ္ပါယ် ဖွင့်ဆို သတ်မှတ် သည်။

(၁) လာဘ်ပေးလာဘ်ယူအကျင့်ပျက်အပြုအမူ ဆိုသည်မှာ တစ်ဦးတစ်ယောက်ထံသို့ အခြား တစ်ဦး တစ်ယောက်အား လွှမ်းမိုးချုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် အားသာမှု၊ အထက်စီးရရန်၊ ဦးစားပေး ခံရရန်ရည်ရွယ်ပြီး တစ်စုံတစ်ခုကိုပေးမည်ဟုကမ်းလှမ်းခြင်း၊ ပေးခြင်း၊ ငွက်ခံခြင်း၊ တောင်းဆိုခြင်း စသည့်အပြုအမူများကို တိုက်ရိုက်သော်လည်း ကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပြုမူခြင်းဖြစ် သည်။[၂]

(၂) လိမ်လည်လှည့်ဖြားသည့် အပြုအမူများဆိုသည်မှာ တစ်ဦးတစ်ယောက်သို့မဟုတ် အဖွဲ့တစ်ရပ် သည် ငွေကြေးအတွက်ဖြစ်စေ၊ တစ်ခုခုသောအကျိုးအမြတ်အတွက်ဖြစ်စေ၊ တာဝန်ခံထိုက်မှုတစ်ခုခုကို ရှောင်လွှဲရန်ဖြစ်စေ လုပ်ဆောင်လိုက်မှုတစ်ရပ်ရပ် သို့မဟုတ် ထိမ်ချန်ထားမှု တစ်ရပ်ရပ် ဖြစ်ကာ မှားယွင်းအသိပေးတင်ပြခြင်း၊ သိလျက်နဲ့ဖြစ်စေ၊ အလေးမထား၍ဖြစ်စေ လွဲမှားမှုများ ဖြစ်ပေါ်စေခြင်း သို့မဟုတ် ဖြစ်ပေါ်စေရန် ကြိုးပမ်းခြင်းများဖြစ်သည်။[၃]

(၃) လျို့ဝှက်ပူးပေါင်းမသမာမှုပြုခြင်းဆိုသည်မှာ နှစ်ဦး သို့မဟုတ် ၎င်းထက်ပိုသည့် အရေအတွက် အနေဖြင့် အခြားသူ၏လုပ်ဆောင်မှုများအပေါ် မလျော်ကန်သည့် လွှမ်းမိုး မှုများ လုပ်နိုင်ရန် အပါအဝင် ထိုကဲ့သို့ပူးပေါင်းမှုများဖြင့် မသမာသော ရည်ရွယ်ချက် အောင်မြင်ရန် ကြိုးပမ်းသဘောတူညီချက် ရယူ ခြင်းမျိုး ဖြစ်သည်။[၄]

(၄)ဖိအားပေးအကျပ်ကိုင်သည့်အပြုအမူဆိုသည်မှာ တစ်စုံတစ်ဦးသို့မဟုတ် တစ်စုံ တစ်ဦး၏ပိုင်ဆိုင်မှု သည် အခြားသူ၏လုပ်ဆောင်မှုများအပေါ် မလျော်ကန်သည့် လွှမ်းမိုးမှုများလုပ်နိုင်ရန် တစ်စုံတစ်ဦး အပေါ်တွင် ထိခိုက်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်စေရန် ၊ အန္တရာယ် ဖြစ်စေရန် ခြိမ်းခြောက်ခြင်း ၊ အနှောင့်အယှက် ပြုခြင်းများအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း မမှန်ကန်သောအပြုအမူများ ပြုလုပ်ခြင်းကို ဆိုလိုသည်။[၅]

(၅) နှောင့်ယှက်ဖျက်ဆီးသည့်အပြုအမူ ဆိုသည်မှာ

(ကက) အထက်ဖော်ပြခဲ့သောအပြုအမူများဖြစ်ကြသည့် လာဘ်ပေးလာဘ်ယူ အကျင့်ပျက် အပြုအမူ၊ လိမ်လည်လှည့်ဖြားသည့်အပြုအမူ၊ လျို့ဝှက်ပူးပေါင်း မသမာမှု သို့မဟုတ် ဖိအားပေး အကျပ်ကိုင်မှု များစသည့် စွပ်စွဲချက်များအား ဘဏ်မှစုံစမ်းဖော်ထုတ်ရာတွင်

---

[၁] မမျှတသောအကျိုးအမြတ်ရရှိစေရန် ရွေးချယ်ရေးလုပ်ငန်းစဉ် သို့မဟုတ် ကန်ထရိုက်အကောင်အထည်ဖော်မှုတို့အပေါ် လွှမ်းမိုးရန်လုပ်ဆောင်ချက်များဖြင့် အကြံပေးပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ၎င်း၏ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ တစ်ဆင့်ခံအကြံပေးပုဂ္ဂိုလ်များ၊ တစ်ဆင့်ခံဆောင်ရွက်သည့်ကန်ထရိုက်တာများ၊ ဝန်ဆောင်မှုပေးသူများ၊ ပစ္စည်းပေးသွင်းသူများနှင့် ၎င်းတို့၏အလုပ်သမားများစသည့် မည်သည့်ဝန်ထမ်းမျိုးမဆိုပါဝင်ဆောင်ရွက်သည့် မသမာသော မည်သည့် လုပ်ငန်းဆောင်ရွက်မှုမျိုးမဆို ပါဝင်သည်။

[၂] ယခုစာပိုဒ်တွင်ဖော်ပြထားသည့် တစ်ဦးတစ်ယောက်ဆိုသည်မှာ ဝယ်ယူရေးငှားရမ်းရေးလုပ်ငန်းစဉ်၊ ဥဘောတူစာချုပ်ပါလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်နေသည့် အရာရှိဝန်ထမ်းများကိုဆိုလိုသည်။ အရာရှိဝန်ထမ်းများဆိုသည်မှာ ကမ္ဘာ့ဘဏ်ဝန်ထမ်းများအပါအဝင် ဝယ်ယူရေးအတွက်ဆုံးဖြတ်ချက်ချနိုင်သည့် အခြားမည်သည့်အဖွဲ့အစည်းမှ မည်သည့်ဝန်ထမ်းမဆို ပါဝင်သည်။

[၃] ယခုစာပိုဒ်တွင်ဖော်ပြထားသည့် တစ်ဦးတစ်ယောက်ဆိုသည်မှာအဖွဲ့အစည်းတစ်ခုခုမှဝန်ထမ်းများကိုဆိုလိုသည်။ "အကျိုးအမြတ်"၊ "လုပ်ရန်တာဝန်ရှိ" ဆိုသည် မှာလည်း ရွေးချယ်ရေးလုပ်ငန်းစဉ်၊ ဥဘောတူစာချုပ်ပါလုပ်ငန်းများအကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်သည်။ "တမင်ရည်ရွယ်ချက်တစ်ခုဖြင့်ဆောင်ရွက်ခြင်း"၊ "လွတ်ပြီးကျော်သွားအောင်ပြုမူခြင်း" တို့သည် ရွေးချယ်ရေးနှင့် အကောင်အထည်ဖော်ရေးတို့အတွက် လွှမ်းမိုးပြောင်းလဲရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းများ ဖြစ်သည်။

[၄] ယခုစာပိုဒ်ခွဲတွင်ဖော်ပြထားသည့် "အဖွဲ့များ/နှစ်ဦးထက်ပိုသောအရေအတွက်များ"ဆိုသည်မှာ ဝယ်ယူငှားရမ်းရေး သို့မဟုတ် ရွေးချယ်ရေးလုပ်ငန်းအဆင့်ဆင့်တွင် ပါဝင်နေသည့် ဝန်ထမ်းများသည် ၎င်းတို့ကိုယ်တိုင်သော်လည်းကောင်း၊ ဝယ်ယူရေးနှင့် ရွေးချယ်ရေးအဆင့်များတွင်မပါဝင်သည့် အခြားသောသူများ၊ အဖွဲ့များနှင့်သော်လည်းကောင်း၊ ပြိုင်ဆိုင်ရာတွင် အမှန်တကယ်ဝင်ရောက်ပြိုင်ဆိုင်သကဲ့သို့ အတုအယောင်ပြု ပြိုင်ဆိုင်ခြင်းများ၊ မဟုတ်မှန်သော၊ ဈေးဖျက်သည့် သ□ာမျိုး၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ရင်းပင်းသည့်သ□ာမျိုးဖြင့် မသမာပြုသည့်အပြုအမူများကို ဆိုလိုသည်။

[၅] ယခုစာပိုဒ်ခွဲတွင်ဖော်ပြထားသည့် တစ်စုံတစ်ဦးဆိုသည်မှာ ရွေးချယ်ရေးနှင့်စာချုပ်အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင်ပါဝင်သောမည်သူကိုမဆို ဆိုလိုခြင်းဖြစ်သည်။

နှောင့်နှေးကြန့်ကြာစေရန်အလို့ငှာ စုံစမ်းစစ်ဆေး သူများထံသို့ မှားယွင်းသော အချက်အလက်များ ထွက်ဆိုခြင်း သို့မဟုတ် သက်သေဆိုင်ရာ ရုပ်ဝတ္ထုပစ္စည်းများအား ရည်ရွယ်ချက်ရှိရှိဖျက်ဆီးခြင်း၊ ပြတု လုပ်ခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ကွယ်ဝှက်ခြင်းနှင့် ထို့အပြင်စုံစမ်းစစ်ဆေးမှု နှင့်သက်ဆိုင်သော ဖွင့်ဟပြောဆိုမှုများ မပြု လုပ်နိုင်ရန် သို့မဟုတ် ဆက်လက်ဖွင့်ဟမပြောဆိုနိုင်ရန် တစ်စုံတစ်ဦးအား ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းသို့မဟုတ်အန္တရာယ်ဖြစ်စေခြင်းစသည့် အပြုအမူများလည်း ပါဝင်သည်။

(ခခ) အောက်တွင်ဖော်ပြထားသည့် အပိုဒ်၁.၂၃ (င)အရ ဘဏ်၏ စစ်ဆေး ခြင်းများ၊ စာရင်းစစ်ခြင်းများကို အနှောင့်အယှက်ပြုခြင်း၊ ထိုသို့ပြုရန် အားထုတ်ခြင်းများလည်းပါဝင်သည်။

(ခ) အကယ်၍ ငှားရမ်းရန်အဆိုပြုခံရသော အကြံပေး သို့မဟုတ် ၎င်း၏ဝန်ထမ်း သို့မဟုတ် ကိုယ်စား လှယ်များ သို့မဟုတ် တစ်ဆင့်အကြံပေးသူများ၊ တစ်ဆင့်ခံဆောင်ရွက်သည့်ကန်ထရိုက်တာ များ၊ ဝန်ဆောင်မှုထောက်ပံ့ပေးသူများ၊ ဖြည့်တင်းပံ့ပိုးသူများ သို့မဟုတ် ၎င်းတို့၏ ဝန်ထမ်းများ စသည်တို့သည် ရည်ညွှန်းပါတင်ဒါယှဉ်ပြိုင်မှုများပြုရာတွင် အကျင့်ပျက်အပြုအမူ၊ လိမ်လည် လှည့်ဖြားသည့် အပြုအမူ၊ လျှို့ဝှက်မသမာမှုပြုခြင်း၊ ဖိအားပေးအကျပ်ကိုင်သည့်အပြုအမူ စသည် များအနက်မှ တစ်ခုခုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကျူးလွန် ပတ်သက်သည်ဟု ဆုံးဖြတ်ခံရပါက ဘဏ်အနေဖြင့် အဆိုပါ ငှားရမ်းရန်အဆိုပြုလွှာအား ငြင်းပယ် နိုင်သည်။

(ဂ)ငွေချေးယူသူအားကိုယ်စားပြုသူများ၊သို့မဟုတ် ချေးငွေနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ လက်ခံရရှိသူ မည်သူမဆို သည်ရွေးချယ်မှု ပြုလုပ်နေစဉ်ကာလအတွင်း သို့မဟုတ် ကန်ထရိုက်အား အကောင်အထည်ဖော် လုပ်ကိုင်နေစဉ်အတွင်းအကျင့်ပျက် အပြုအမူ၊ လိမ်လည်လှည့်ဖြားသည့် အပြုအမူ၊ လျှို့ဝှက်မသမာသည့်အပြုအမူ၊ ဖိအားပေးအကျပ်ကိုင်သည့် အပြုအမူများတွင် ပါဝင်ပတ်သက်နေပြီး ထိုကိစ္စရပ်များအား ငွေချေးယူသူအနေဖြင့် အချိန်မီမဖြေရှင်းနိုင်ခြင်း၊ ဘဏ်မှကျေနပ်လောက် ဖွယ်ရာ သင့်တော်သည့် အရေးယူမှုတစ်စုံတစ်ရာ မလုပ်ဆောင်နိုင်ခြင်းများအပြင် အဆိုပါကိစ္စရပ်များအား သိရှိပြီး အချိန်မီဘဏ်အား အကြောင်းကြားရန်ပျက်ကွက်ခြင်း စသည်တို့အား သိရှိသည့် မည်သည့်အခါမဆို ဘဏ်အနေဖြင့် ဝယ်ယူငှားရမ်းရေးစည်းကမ်းများ မလိုက်နာဘဲ ဝယ်ယူ ခြင်းအဖြစ် ကြေညာခြင်း၊ ကန်ထရိုက်၏ချေးငွေတစ်စိတ်တစ်ပိုင်းအားပေးရန်ရပ်ဆိုင်းခြင်းများ ပြုလုပ်နိုင်သည်။

(ဃ) အဖွဲ့အစည်းတစ်ခုဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ မည်သည့်အချိန်တွင်မဆို ကမ္ဘာ့ဘဏ်၏ စီးပွားရေး ပိတ်ဆို့မှု လုပ်ငန်းစဉ်များ (ညေခအသေည)[6]နှင့် ငြိစွန်းသည်ဟုယူဆပါက အဆိုပါအဖွဲ့အစည်း ကိုဖြစ်စေ၊ တစ်ဦးချင်းကိုဖြစ်စေ အရည်အချင်းပြည့်မီခြင်းမရှိဟု လူသိရှင်ကြားထုတ်ဖော်ကြေညာခြင်း အပါအဝင် အချိန်အကန့်အသတ်ဖြင့်ဖြစ်စေ၊ အချိန်အကန့်အသတ်မရှိဖြစ်စေ အောက်ဖော်ပြပါ လုပ်ငန်းများအတွက် ရွေးချယ်ငှားရမ်းခြင်းမပြုရန် ကန့်သတ်နိုင်သည်။

(၁) ဘဏ်ထောက်ပံ့ငွေဖြင့်ချုပ်ဆိုမည့် အကြံပေးပုဂ္ဂိုလ်ငှားရမ်းသည့်စာချုပ်များ

(၂) ဘဏ်ထောက်ပံ့ငွေဖြင့်လုပ်မည့် ကန်ထရိုက်လုပ်ငန်းများအတွက် အရည်အချင်း ပြည့်မီသော အဖွဲ့အစည်း တစ်ခု အတွက် အဆိုပြုခြင်းခံရသော တစ်ဆင့်ခံအကြံပေးပုဂ္ဂိုလ်၊ ဖြည့်တင်းပံ့ပိုးသူ သို့မဟုတ် ဝန်ဆောင်မှုများထောက်ပံ့ပေးသည့်လုပ်ငန်း[7] အနေဖြင့် ဆောင်ရွက်ခြင်း

(င) ဘဏ်ချေးငွေထောက်ပံ့မှုဖြင့်ဆောင်ရွက်သည့် ကန်ထရိုက်များနှင့် အဆိုပြုလွှာ တောင်းခံ မှု (ပြဏ) များတွင် အပိုဒ်ငယ်တစ်ခု ပါဝင်ရမည်ဖြစ်ကာ ယင်းအပိုဒ်အရ အကြံပေး ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ တစ်ဆင့်ခံ အကြံပေးပုဂ္ဂိုလ်များ၊ တစ်ဆင့်ခံ ကန်ထရိုက် တာများ၊ ဝန်ဆောင်မှုထောက်ပံ့ပေးသူများ၊ သို့မဟုတ် ပစ္စည်း ဖြည့်ဆည်းတင်သွင်း သူများစသည်တို့နှင့် ပတ်သက်၍ ဘဏ်အနေဖြင့် စာရင်းစစ်ဆေးမှုများပြုလုပ်နိုင်ရန်အလို့ငှာ ဘဏ်မှတာဝန်ပေးအပ်သော စာရင်းစစ် သည် အဆိုပြုလွှာတင်သွင်းမှုနှင့်သက်ဆိုင်သော၊ ကန်ထရိုက်လုပ်ဆောင်မှုနှင့် သက်ဆိုင်သော ငွေစာရင်းအားလုံး၊မှတ်တမ်းများနှင့်

---

[6] အဖွဲ့တစ်ခုဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဘဏ်၏ငွေထောက်ပံ့မှုဖြင့်လုပ်နေသောသဘောတူလုပ်ငန်းများအတွက် အရည်အချင်းမပြည့်စုံဟု အောက်ပါအချက်များ အရသတ်မှတ်နိုင်သည်။

(၁) အပြည်ပြည်ဆိုင်ရာငွေကြေးဆိုင်ရာအဖွဲ့အစည်းများဖြစ်ကြသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဘဏ်များ (Multilateral Development Banks)၊ ကမ္ဘာ့ဘဏ်၏ ဝယ်ယူရေးနှင့်ပတ်သက်သော အကျင့်ပျက်ခြစားမှုများမဖြစ်စေရန် စီမံစစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများအပါအဝင် ၎င်းအဖွဲ့အစည်းများနှင့်အမည်ပျက်စာရင်းများကို အခြားအပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးထောက်ပံ့အဖွဲ့အစည်းများနှင့် အချက်အလက်များ အပြန်အလှန် လဲလှယ်စစ်ဆေးခြင်းများဖြင့် ဘဏ်၏ စီမံခန့်ခွဲမှု ဝယ်ယူရေးပိတ်ဆို့မှုများမှတစ်ဆင့် လိမ်လည်မှုနှင့်အကျင့်ပျက်ခြစားမှုများအတွက် အပြစ်ပေး ကန့်သတ်ခြင်းများ (Sanctions) ဖြင့် ငြိစွန်းနေခြင်း။

(၂) လုပ်ငန်းလုပ်နေစဉ်ယာယီအားဖြင့်ဆိုင်းငံ့ထားခြင်း၊ လုပ်ငန်းမလုပ်မီဆိုင်းငံ့ထားခြင်းများဖြင့် အပြစ်ပေးကန့်သတ်ခြင်းလုပ်ငန်းများအဆင့်ဆင့်ကို ဆောင်ရွက်နိုင်သည်။ ထိုအတွက် လမ်းညွှန်၏နောက်ဆက်တွဲ (၁)၊ အပိုဒ် (၈)၏ စာမျက်နှာအောက်ခြေမှတ်စုနံပါတ်(၁၂)တွင် တွေ့နိုင်သည်။

[7] အဆိုပြုခံရသော တစ်ဆင့်ခံအကြံပေးပုဂ္ဂိုလ်၊ ဖြည့်တင်းပံ့ပိုးသူ သို့မဟုတ် ဝန်ဆောင်မှုများထောက်ပံ့ပေးသူတစ်ဦးဆိုသည်မှာ အောက်ပါအခြေအနေ တစ်ခုခုဖြင့်ကိုက်ညီသူကို ဆိုလိုသည်။

(၁) လိုအပ်သည့်ဝန်ဆောင်မှုငှားရမ်းနိုင်ရေးအတွက် အကြံပေးပုဂ္ဂိုလ်၏အဆိုပြုလွှာအား နည်းပညာပိုင်းစိစစ်အကဲဖြတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်သည့် ထူးခြားသည့်အတွေ့အကြုံ၊ တတ်ကျွမ်းမှုရှိသောကြောင့် အကြံပေးပုဂ္ဂိုလ်အနေဖြင့် ၎င်း၏အဆိုပြုလွှာတွင် ထည့်သွင်းနိုင်သည့်သူ၊

(၂) ငွေချေးယူသူက ခန့်အပ်ထားသူများ စသည်တို့ ဖြစ်ကြသည်။

အခြားသောဆက်စပ်စာရွက်စာတမ်းများအား စစ်ဆေး ပိုင်ခွင့်ရှိသည်။

(ဈ) လမ်းညွှန်၏အပိုဒ်ခွဲ ၃.၁၅ တွင်ဖော်ပြထားသည့်အတိုင်း ငွေချေးယူသူတစ်ဦးသည် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းတစ်ခုနှင့် သဘောတူစာချုပ်ချုပ်ဆို၍ နည်းပညာအကူအညီ ပေးခြင်း ဝန်ဆောင်မှု (နခ့ညခေ႐ွ ဗျူ့ျပအညေခန ႇနမလငခေနျ) အားရယူရန်ဆောင်ရွက်ရာတွင် ဤအပိုဒ်ခွဲ ၁.၂၃ ၏ အထက်ပါ ပြဋ္ဌာန်းချက်များအရ ၄င်းတို့သဘောတူလက်မှတ်ရေးထိုးထားသည့် အကြံပေးပုဂ္ဂိုလ်များ နှင့် ယင်းတို့၏ တစ်ဆင့်ခံအကြံပေးပုဂ္ဂိုလ်များ၊ ၄င်းတို့၏ ဝန်ထမ်းများနှင့် ဖြည့်ဆည်းထောက်ပံ့ ပေးသူများ၊ ဝန်ဆောင်မှုပေးသူများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံဆောင်ရွက်သည့် ကန်ထရိုက်တာ များ စသည်တို့သည် လိမ်လည်လှည့်ဖြားမှုနှင့် အကျင့်ပျက်ခြစားမှုများ အပေါ်တွင် စီးပွားရေး ပိတ်ဆို့မှုအား သက်ရောက်စေရမည်။ ခြွင်းချက်အနေဖြင့် အပိုဒ်ခွဲ ၁.၂၃ (ဃ) နှင့် (င) တို့သည် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် ၄င်းတို့၏ဝန်ထမ်းများအပေါ်တွင် သက်ရောက်မှု မရှိစေရ။

အပိုဒ်ခွဲ ၁.၂၃ (င) သည် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းနှင့် ၄င်း၏ ဖြည့်ဆည်း ထောက်ပံ့ရေး လုပ်ငန်းများ၊ ဝန်ဆောင်မှုပေးသူများအကြားရှိ ကန်ထရိုက်များအပေါ် အကျိုး သက်ရောက်မှုမရှိစေရ။ ထိုသို့သော အခြေအနေများအတွက် ဘဏ်နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအကြား သဘောတူညီထားသည့် လိမ်လည်လှည့်ဖြားမှုနှင့် အကျင့်ပျက် ခြစားသည့် အပြုအမူများဆိုင်ရာ စုံစမ်း စစ်ဆေးခြင်းများအတွက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ အနေဖြင့် မိမိတို့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်နိုင်သည်။ ယင်းအတွက် လိုအပ်သော တာဝန် တစ်ရပ်အဖြစ် ဆောင်ရွက်သည့်ဆုံးဖြတ်ချက်များနှင့် လုပ်ငန်း ဆောင်ရွက်မှုများကို ဘဏ်သို့ အလျဉ်းသင့်သလို အသိပေးအကြောင်းကြားရမည်။ ဘဏ်အနေဖြင့် လည်း ငွေချေးယူသူများအပေါ် ခေတ္တရပ်ဆိုင်းခံရခြင်း သို့မဟုတ် အပြီးအပြတ် ပိတ်သိမ်းခြင်းစသည့် အမှားပြင်ဆင်ကုစားမှုများ တောင်းခံခွင့်အားဆက်လက်အသုံးပြုနိုင်သည်။ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများသည် ဘဏ်မှ အတည်ပြု ထုတ်ပြန်ထားသော ဘဏ်မှ ကန့်သတ်ပိတ်ပင်ထားသည့် သို့မဟုတ် ထုတ်ပယ်ထားသည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ မည်သူမည်ဝါဖြစ်ကြောင်းကို လေ့လာတောင်းယူနိုင်သည်။ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း တစ်ခုအနေဖြင့် ကန်ထရိုက် တစ်ခု သို့မဟုတ် ပစ္စည်းအဝယ်အမှာစာတစ်ခုအား ဘဏ်မှအတည်ပြု ထုတ်ပြန်ထားသော အဆိုပါ အဖွဲ့တစ်ဖွဲ့ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးနှင့် သဘောတူ စာချုပ်များ ချုပ်ဆိုခဲ့ပါက ဘဏ်အနေဖြင့် ထိုအတွက် ကုန်ကျစရိတ်များ နှင့်သက်ဆိုင်သည့် ငွေကြေး ထောက်ပံ့မှုများကို ပေးမည်မဟုတ် သည့်အပြင် အခြားသောသင့်လျော်သည့် အမှားပြင်ဆင် ကုစားခွင့်ကိုလည်း ပြုလုပ်ခွင့်ရှိသည်။

၁.၂၄ ဘဏ်၏သီးခြားသဘောတူညီချက်အရ ငွေချေးယူသူသည် ဘဏ်ချေးငွေဖြင့်ချုပ်ဆိုမည့် စာချုပ်များအတွက် ၎င်းအတွင်းတွင် လိုအပ်ချက်တစ်ရပ်အနေဖြင့် အဆိုပြုလွှာပါ အကြံပေး ပုဂ္ဂိုလ်များလေ့လာရသောစာချုပ် ပြိုင်ဆိုင်ရာနှင့်အနိုင်ရ၍ အကောင်အထည်ဖော်ရာတွင် အကြံပေး ပုဂ္ဂိုလ်များဘက်မှ လိုက်နာရသောအပိုင်း၌ လိမ်လည် လှည့်ဖြားမှုနှင့် အကျင့်ပျက်ခြစားခြင်း (လာဘ်ပေးလာဘ်ယူမှုအပါအဝင်)ဆိုင်ရာ တိုက်ဖျက်မှုအတွက် မိမိနိုင်ငံ၏ ဥပဒေ များအား ၎င်း ထဲရှိအစီအစဉ်များတွင်[၅] ထည့်သွင်းတင်ပြနိုင်သည်။ ဘဏ်အနေဖြင့် ငွေချေးယူသူနိုင်ငံ၏ တောင်းဆို ချက်အရ အဆိုပါလိုအပ်ချက်တစ်ရပ်တင်ပြခြင်းနှင့် ထိန်းချုပ်မှုအစီအမံများအပေါ် စိတ်ကျေနပ် ဖွယ်ရာ တွေ့ရှိပါက လက်ခံအတည်ပြုနိုင်သည်။

**ဝယ်ယူငှားရမ်းရေးအတွက်ကြိုတင်ရေးဆွဲထားသောအစီအစဉ် (ထမသခကမနာနညအ ထူညေ)**

၁.၂၅ စီမံကိန်းတစ်ခုအတွက် လက်တွေ့ကောင်းမွန်သည့် ဝယ်ယူငှားရမ်းရေးအတွက် ကြိုတင် ရေးဆွဲထားသော အစီအစဉ်တစ်ခု[၆]ချမှတ်ခြင်းသည် ကောင်းမွန်သော ထိန်းသိမ်းစောင့်ကြည့်ခြင်း များနှင့် အကောင်အထည်ဖော်ခြင်းများ

---

[၅] ဥပမာအနေဖြင့်အောက်ပါအတိုင်းတွေ့နိုင်သည်။

"ကန်ထရိုက်အတွက် လုပ်ငန်းအပ်နှံသူ (Client) မှ RFP တွင် ဖော်ပြထားသည့်အတိုင်း အဆိုပါသဘောတူစာချုပ်ကိုအောင်မြင်ရန် ယှဉ်ပြိုင်မှုများပြုလုပ်ရာတွင် (အကယ်၍အနိုင်ရရှိပါက အကောင်အထည်ဖော်ရာတွင်) လုပ်ငန်းအပ်နှံသူနိုင်ငံတွင်ပြဋ္ဌာန်းထားသည့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်သည့်ဥပဒေကို လေ့လာကာ မဆန့်ကျင်ဘဲလိုက်နာပါမည်။"

[၆] ဝယ်ယူငှားရမ်းရေးအစီအစဉ် နှင့် ထပ်မံပြောင်းလဲပြင်ဆင်မှုများတွင် အနည်းဆုံးအောက်ဖော်ပြပါအချက်များပါဝင်ရသည်။

(၁) သတ်မှတ်ထားသောအချိန်တစ်ခုအတွင်းထုတ်ဝေရမည့် အဆိုပြုလွှာဖိတ်ကြားခြင်းများတွင် စီမံကိန်းအတွက်လိုအပ်သော အကြံပေးဝန်ဆောင်မှုများအပ်နှံခြင်းဆိုင်ရာ အတိုချုပ်ရှင်းလင်းချက်များ

(၂) ချေးငွေသဘောတူစာချုပ်အရဆောင်ရွက်မည့် ခွင့်ပြုထားသောရွေးချယ်ရေးဆိုင်ရာနည်းလမ်းများကို အဆိုပြုတင်ပြခြင်း

(၃) ဘဏ်၏ စစ်ဆေးသုံးသပ်မှုလိုအပ်ချက်များနှင့် အနိမ့်ဆုံးသတ်မှတ်စံနှုန်းများ

(၄) အဓိကကျသည့် ရွေးချယ်ရေးလုပ်ငန်းများဆောင်ရွက်မည့်အချိန်ဇယား၊ ဘဏ်ဘက်မှသိထားရမည့် အခြားသောအချက်အလက်များ။

အချို့သော အချိန်ကာလကြိုတင်မဖော်ပြနိုင်သည့်သဘာဝရှိသည့်စီမံကိန်းများရှိသည့်အခါ လူထုအခြေပြုဖွံ့ဖြိုးမှု (Community Driven Development – CDD) ကဲ့သို့ လူထုတောင်းဆိုချက်အခြေပြု အချို့သောစီမံကိန်းများနှင့် ၄င်းတို့၏အစိတ်အပိုင်းများ၊ ကဏ္ဍအခြေပြုလုပ်ဆောင်မှုများ (Sector Wide Approaches – SWAps) များအတွက် အကြံပေးပုဂ္ဂိုလ်များငှားရမ်းရေးဆိုင်ရာ ဘဏ်၏ထိန်းသိမ်းစောင့်ကြည့်ရေးနှင့် အကောင်အထည်ဖော်ရေးအစီအစဉ်နှင့်ကိုက်ညီသည့် သင့်တော်သောဝယ်ယူငှားရမ်းရေးအစီအစဉ်ပါဝင်ရမည်။ အကယ်၍ စီမံကိန်းတွင် ပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ရေးအလုပ်များနှင့် အကြံပေးဝန်ဆောင်ခြင်း

အတွက်အရေးပါသည်။ စီမံကိန်းတစ်ခုအတွက် ပြင်ဆင်မှုများ ဆောင်ရွက်နေစဉ် ငွေချေးယူသူသည် ယာယီဖြစ်စေကာမူ စီမံကိန်းတစ်ခုလုံးအတွက် လုပ်ဆောင်မှု များနှင့်ကိုက်ညီမှုရှိနိုင်သော ကနဦးဝယ်ယူငှားရမ်းရေးအစီအစဉ်တစ်ခုကို ပြင်ဆင်ထားနိုင်သည်။ အနိမ့်ဆုံးအနေဖြင့် ငွေချေးယူသူများသည် စီမံကိန်းပထမ (၁၈)လ အတွင်း အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ ရွေးချယ်ငှားရမ်းခြင်း အတွက် ရှင်းလင်းထိရောက်ပြီးအားလုံးအကျုံးဝင်သော အသေးစိတ် အစီအစဉ် ရေးဆွဲရမည်။ ဝယ်ယူငှားရမ်းရေး အကောင်အထည်ဖော်ရမည့်စာချုပ်၊ ကန်ထရိုက်စာချုပ် အားလုံးပါဝင်ရမည်။ ငွေချေးမှုနှင့်ပတ်သက်သည့် ညှိနှိုင်းမှုများဆောင်ရွက်သည့် နောက်ဆုံးအဆင့် တွင်ဘဏ်ဖက်မှသဘောတူညီမှုရရှိနေရမည်ဖြစ်သည်။ ငွေချေးယူသူအနေဖြင့် ဝယ်ယူငှားရမ်းရေး အစီအစဉ်ကို စီမံကိန်းလုပ်ကိုင်နေသည့်ကာလတစ်လျှောက်လုံး အနည်းဆုံးတစ်နှစ်တစ်ခါ ပြန်လည် ဆန်းစစ်သုံးသပ်ရမည်ဖြစ်ကာ ယင်းအား ယခင်ရရှိထားသည့် ကန်ထရိုက်များအပါအဝင် နောက် (၁၂)လအတွင်းရှိလာနိုင်သော ကန်ထရိုက်များအတွက်ပါ အကျုံးဝင်စေရမည်ဖြစ်သည်။ အဆိုပါ ဝယ်ယူငှားရမ်းရေးအစီအစဉ်များနှင့် ၄င်းတို့အား ထပ်မံပြောင်းလဲပြင်ဆင်မှုများသည် ယင်းတို့အား အကောင်အထည်မဖော်မီ ဘဏ်ဘက်မှဝယ်ယူငှားရမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်အား စာချုပ်မချုပ်မီ ကြိုတင်သုံးသပ်အတည်ပြုခြင်း အဆင့်အား[၁၀]လိုက်နာရမည်ဖြစ်ကာ ဘဏ်ဘက်မှဝယ်ယူမငှားရမ်းခင် ကြိုတင်သဘောတူရန် လိုအပ်သည်။ ငွေချေးခြင်းဆိုင်ရာညှိနှိုင်းမှုများ လုပ်ဆောင်ပြီးသည့်နောက် ဆန့်ကျင်ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဘဏ်အနေဖြင့် အများပြည်သူများအတွက် လွှင့်တင် ထားသော တရားဝင်တန□ျအနေတွင် သဘောတူညီထားသော ကနဦးဝယ်ယူငှားရမ်းရေး အစီအစဉ် များနှင့် နောက်ဆက်တွဲလုပ်ဆောင်သော ပြောင်းလဲပြင်ဆင်ခြင်းများကို ထုတ်ပြန် အသိပေးနိုင်သည်။

---

[၁၀] မဟုတ်သောဝန်ဆောင်မှုများရယူရန်လိုအပ်ပါက ဝယ်ယူငှားရမ်းအသုံးပြုမည့်အစီအစဉ်တွင် “Procurement of Goods, Works, and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers” လမ်းညွှန်ချက်ပါညွှန်ကြားချက်များအတိုင်း ရွေးချယ်ငှားရမ်းခြင်းဆိုင်ရာ နည်းလမ်းများ ပါဝင်ဖော်ပြရမည်။